# Voice of Burma

Published by Voice of Burma Information Group Issue No. 715 June 21, 2009



**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**


# ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၄ နှစ်မြောက်မွေးနေ့ကို ကမ္ဘာအနှံ့မှာ ကျင်းပကြ

**DVB,VOB၊ ဂျွန် ၁၉။** ။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ ကျရောက်မယ့် သူ့မရဲ့ ၆၄ နှစ်မြောက်မွေးနေ့ကို ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်အတွင်းမှာ ကျော်ဖြတ်ရမှာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် နိုင်ငံတကာက နိုင်ငံခေါင်းဆောင်တွေ နိုင်ငံရေးသမားတွေ အနုပညာရှင်တွေက လူထုအစည်းအဝေးပွဲတွေ ဆုတောင်းပွဲတွေ မိန့်ခွန်းပြောကြားမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

www.64forsuu.com ဆိုတဲ့ ဝက်ဘ်ဆိုက်မှာလည်း ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့ဆုတောင်းတွေ ရေးသားပေးပို့ကြတာ အခုဆိုရင် မွေးနေ့ ဆုတောင်းပေါင်း ၁၀ ၀၀၀ ကျော်သွားပါပြီ၊ အီးယူ ဥရောပသမဂ္ဂဆိုရင် ဒေါ်အောင် ဆန်းစုကြည်ရဲ့ဓာတ်ပုံကားချပ်အကြီးကြီးကို ဘရပ်ဆဲလ်မြို့တော် လူဇင်ဘတ်က အီးယူ ပါလီမန်အဆောက်အအုံမှာ ချိတ်ဆွဲမှာဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်မှာတော့ ဗြိတိသျှဝန်ကြီးချုပ် Gordon Brown ရဲ့ဇနီးသည် Sarah Brown က ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကြိုးပမ်းမှုအနေနဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ရုပ်ရှင်တကားပြသမှာဖြစ်ပါတယ်။ ဒီလို ဝန်ကြီးချုပ်နေအိမ်မှာ ရုပ်ရှင်ပြသမှုပြုလုပ်တာဟာ ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်။

အမေရိကန်အစိုးရကလည်း ၆၄ နှစ်မြောက် ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့မှာ နအဖစစ်အုပ်စုကို ဒေါ်စုအား ခြွင်းချက်မရှိအမြန်ဆုံးပြန်လွှတ်ပေး ရန် ဆောင်းဆိုလိုက်ပါတယ်။

ဩစတြေးလျားနိုင်ငံခြားရေးဝန်ကြီး စတီဗင်စမစ်နဲ့ ဂျပန်ဝန်ကြီးချုပ်ဟောင်းတို့က ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်၊ စစ်အုပ်စုလက်ထဲက ဒေါ်အောင်ဆန်းစုကြည်ရဲ့အခြေနေကို အထူးစိုးရိမ်မိကြောင်း၊ သူ့ကိုအပြည့်အဝ ထောက်ခံကြောင်း၊ ရှေ့နှစ် မွေးနေ့ကို လွတ်လပ်တဲ့ကမ္ဘာမှာ ကျင်းပခွင့်ရဖို့ဆုတောင်းကြောင်း ဩစတြေးလျယား နိုင်ငံခြားရေးဝန်ကြီးရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှုတိုမူဟာတာကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုခဲ့ပြီး ဒါဟာ ဒေါ်အောင်ဆန်းစုကြည်ကို ငြိမ်းချမ်းရေးဆုပေးမယ်လို့ ဂျပန်ပါလီမန်အမတ် ၇၀ ကျော်က ကြေညာပြီးတဲ့နောက် ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

အလားတူ ကမ္ဘာကျော်အနု ပညာရှင်တွေဖြစ်တဲ့ ဟောလီးဝုဒ်မင်းသား ဂျော့ကလိုနေး၊ တေးသံရှင် ပေါလ်မက္ကာနေ၊ ဘောလုံးသမား ဒေးဗစ်ဘက်ဟမ်းတို့ကလည်း ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးအတွက် တောင်းဆိုကြပါတယ်၊ ဒေါ်အောင်ဆန်းစုကြည် ၆၄ ရှစ်ပြည့်မွေးနေ့အတွက် ဆုတောင်းလိုသူတိုင်း www.64forsuu.com ကိုသွားပြီး ၆၄ လုံးထက်မပိုတဲ့ စာလုံးနဲ့သဝဏ်လွှာ ရေးနိုင်တယ်လို့လည်း သိရပါတယ်။ အာဆီယံ၊ တရုတ်၊ အိန္ဒိယနဲ့အိမ်နီးချင်းအစိုးရတွေဆီက အခုအချိန်အထိ ဘာအသံမှ မကြားရသေးပါဘူး။

ဒီနေ့ဇွန်လ ၁၉ ရက်နေ့မှာ ကျရောက်တဲ့အသက် ၆၄ နှစ် မြောက်မွေးနေ့ရှင် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အတွက် ပြည်သူတချို့က လည်း မွေးနေ့ဆုတောင်းတွေ ပြုလုပ်ကြပါတယ်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ၆၄ နှစ်မြောက်မွေးနေ့အတွက် မကွေးတိုင်း ပခုက္ကူမြို့ရှိ ဗောဓိမဏ္ဍိုင်ကျောင်းက သံဃာတော်တပါးက ...

"ဗိုလ်ချုပ်ရဲ့ သမီးတယောက်အနေနဲ့ ကျန်းကျန်းမာမာအသက်ရှည်ပြီးတော့၊ အခုတွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ကျော်လွှားပြီးတော့ တိုင်းပြည်တာဝန်ထမ်းဆောင်နိုင်ပါစေ"လို့ ဆန္ဒပြုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အတွက် မန္တလေးမြို့ခံ ၂ ဦးကတော့ မတူကွဲပြားတဲ့ ဆုတောင်းမှုတွေပြုပါတယ်။

"မန္တလေးသားတွေအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးလွှတ်ပေးစေချင်တာ။ လွှတ်လာရင်လည်း ကျန်းကျန်းမာမာနဲ့ပေ့ါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့အတွက်ဆိုရင်လေ တနိုင်ငံလုံးအတွက် မဟုတ်ဘဲ တကမ္ဘာလုံး အတွက် ဆက်လက်ကြိုးစားလှုပ်ရှားနိုင်ပါစေ။"

ရန်ကုန်မြို့က ခရစ်ယာန်ဘာသာဝင် တဦးက "အမိုးကတော့ အိမ်မှာပဲတိတ်တိတ်လေးဆုတောင်းပေးတာပေ့ါ၊ သူ့ကျန်းမာဖို့ ခပ်မြန်မြန်လွှတ်မြောက်


**စာမျက်နှာ ၈ သို့**



**၆၄ နှစ်ပြည့်မွေးနေ့မှာ ဒေါ်စုကို ချက်ချင်းလွှတ်ရန် အမေရိကန်အစိုးရ တောင်းဆို** — **စာမျက်နှာ ၂**

**ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအထူးကိုယ်စားလှယ်တွေ နအဖကို ဝေဖန်** — **စာမျက်နှာ ၃**

**ကုလလူ့အခွင့်အရေးကိုယ်စားလှယ်များတောင်းဆိုချက် စစ်အုပ်စုပယ်ချ** — **စာမျက်နှာ ၇**

**မြောက်ကိုရီးယားနဲ့ နအဖ ဆက်ဆံရေးဓာတ်ပုံအထောက်အထားတွေနဲ့ ဖော်ထုတ်** — **စာမျက်နှာ ၁၄**

**ကောက်ရိုးမီးတောက်ကို ကျော်လွှန်၍ မီးကုန်ယမ်းကုန် အဆုံးသတ်တိုက်ပွဲဆီသို့** — **စာမျက်နှာ ၁၇**

VOB အာဘော်

# မွေးနေ့အမှာစကား

ဒေါ်အောင်ဆန်းစုကြည်က သူမအား စစ်အာဏာရှင်များက ဖမ်းဆီးထိန်းသိမ်းထားသော်လည်း သူမကို ထောက်ခံအားပေးသော၊ ချစ်ခင်လေးစားသော မြန်မာပြည်သူပြည်သားများ၊ ဒီမိုကရေစီအင်အားစုများ၊ ကမ္ဘာသူကမ္ဘာသားများက သူမ၏မွေးနေ့အထိမ်းအမှတ်အဖြစ် အခမ်းအနားများကျင်းပကြခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူနေမည်ဖြစ်သည်။ ထိုအတွက်လည်း တုံ့ပြန်စကားကိုပြောကြားချင်မည်မှာအမှန်ပင်ဖြစ်သည်။

မြန်မာပြည်သူပြည်သားများအတွက်မူ စစ်အာဏာရှင်များက အကြောက်တရားဖြင့် မြန်မာတနိုင်ငံလုံးအား အုပ်ချုပ်နေသည့်အတွက် ပြည်သူများသည် အကျပ်အတည်းမျိုးစုံအောက်တွင် ဘဝရှင်သန်ရပ်တည်ရေးမှာ လွန်စွာခက်ခဲလှသည်ကို သူမကောင်းစွာနားလည်ကြောင်းနှင့် ထိုအတွက် သူမအနေဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ကြိုးပမ်းသွားမည်ဟု သန္နိဋ္ဌာန်ချထားပြီးပြီမို့ မည်သည့်အခြေအနေသို့ရောက်ရှိစေကာမူ နောက်မဆုတ်ပဲဆက်လက်ဆောင်ရွက်သွားမည်ဟု ထုတ်ဖော်ပြောဆိုမည်မှာသေချာသည်။

အကြောက်တရားကြီးမားလှသည့်စစ်အာဏာရှင်များ၏ ဩဇာအာဏာသည် မြန်မာတပြည်လုံးသို့ ကောင်းစွာပျံ့နှံ့နေသည့်အတွက် မြန်မာပြည်သူ ပြည်သားများအကြားတွင် စိုးရိမ်ကြောက်ရွံ့မှုများလွှမ်းမိုးလျက်ရှိသည်။ ထိုကြောက်ရွံ့မှုများမှကင်းလွတ်ရေးအတွက် သစ္စာတရားဖြင့် သတ္တိရှိရှိဖြင့် အာဏာရှင်စနစ်ဆိုးကို တွန်းလှန်ကျော်ဖြတ်ရန်လိုအပ်သည်ဟု ပြောဆိုမည်မှာသေချာသည်။

အလားတူပင် ဒီမိုကရေစီရေးလှုပ်ရှားနေကြသည့် ပြည်တွင်းပြည်ပရှိ အင်အားစုများကို ဆယ်စုနှစ် ၂ ခုကြာသည့်တိုင် ယုံကြည်ချက်ကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကိုင်စွဲကြိုးပမ်းနေသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောဆိုမည်မှာသေချာသည်။ ရက်စက်ကြမ်းကြုတ်လှသည့်အာဏာရှင်စနစ်ကို တွန်းလှန်ရသည်မှာ လွယ်ကူသည့်အလုပ်မဟုတ်ပေ။ ပေးဆပ်ရခြင်းများစွာရှိသည်။ အသက်၊ ဘဝ၊ ပိုင်ဆိုင်မှု၊ မိသားစု၊ အနာဂတ်စသည့် ကိုယ်ပိုင်ပုဂ္ဂလိကနှင့်သက်ဆိုင်သည့်အရာများကိုသာမက မိမိနှင့်ဆက်နွှယ်နေသူများအတွက်ပါ ပေးဆပ်ရသည့်အတွက် ထိုပေးဆပ်ရမှုများကိုမမှုပဲ ဆက်လက်ကြိုးပမ်းနေသည့်အတွက် ချီးကျူးဂုဏ်ပြုရမည်ဖြစ်သည်။

သို့သော်လည်း ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်များအတွက် ကြိုးပမ်းခြင်းသည် စိတ်ဓာတ်တော်လှန်ရေးတခုဖြစ်သည့်အတွက် မိမိကိုယ်မိမိ အရင်ဦးဆုံးတော်လှန်ရမည်ဆိုသည့်ယခင်အတိတ်ကာလက သူမပြောဆိုခဲ့သည့်စကားကို ထပ်မံကိုးကားပြောဆိုမည်မှာသေချာသည်။ ဇွဲရှိမှု၊ စည်းကမ်းရှိမှု၊ သစ္စာရှိမှု၊ မတူညီကွဲပြားမှုများတွင် အချင်းချင်းလက်တွဲလုပ်ဆောင်နိုင်မှု၊ တဦးချင်းအရည်အသွေးနှင့် အုပ်စုအလိုက်အရည်အသွေးတိုးတက်မှုများရရှိစေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းရန်လိုသည်၊ တနည်းဆိုရလျှင် တော်လှန်ရေးအရည်အသွေးတိုးတက်လာစေရန်လုပ်ဆောင်ကြပါဟု ပြောဆိုမည်မှာ သေချာသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် စဉ်ဆက်မပြတ်အားပေးကူညီနေသည့် နိုင်ငံတကာအသိုင်းအဝိုင်းသို့လည်း ကျေးဇူးတင်ပါသည်ဆိုသည့်အကြောင်းနှင့် ဆက်လက်အားပေးကူညီပါဟု မေတ္တာရပ်ခံမည်မှာသေချာသည်။ မြန်မာပြည်တွင်းမှာ ဘာတွေဖြစ်ပျက်နေသလဲဆိုသည်ကို ကမ္ဘာက သိစေချင်ပါသည် ဆိုသည့်စကားကိုထပ်မံပြောဦးမည်ဖြစ်သည်။ အကြောင်းမူကား မည်သည့်အရာများဖြစ်ပျက်နေသည်ကို သိရှိမှသာလျှင် မည်သို့သောနည်းလမ်းများဖြင့် ကူညီပံ့ပိုးပေးနိုင် မည်ဆိုသည်ကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။

---

# ၆၄ နှစ်ပြည့်မွေးနေ့မှာ ဒေါ်စုကို ချက်ချင်းလွှတ်ရန် အမေရိကန်အစိုးရ တောင်းဆို

**DVB | ဂျွန် ၁၉ ॥ ॥** မတရားဖမ်းဆီးရုံးတင်ခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို အမှုကနေ ချက်ချင်းရပ်ပြီး သူ့ရဲ့မွေးနေ့မှာ ချက်ချင်းလွှတ်ပေးဖို့ အမေရိကန်အစိုးရက တောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီအခွင့်ရေးရရှိဖို့နဲ့ မြန်မာ့နိုင်ငံ တိုးတက်ပြောင်းလဲရေးအတွက် ဘဝတခုလုံးကို မြှုပ်နှံထားသူဖြစ်တယ်၊ လွတ်လပ်တဲ့ ကမ္ဘာသစ်မှာ သူ့မွေးနေ့ကို ကျင်းပခွင့်ရဖို့ မြန်မာနိုင်ငံက ပြည်သူတွေအပါဝင် ကမ္ဘာတလွှားရှိ အခြားလူတွေအားလုံးနဲ့အတူ ကျနော်တို့ ထပ်တူထပ်မျှ ဆုတောင်းပါတယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာန ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ အထက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ တောင်းဆိုထားပါတယ်။

အဖွဲ့ဝင် နိုင်ငံပေါင်း ၃၀ နီးပါးရှိတဲ့ အီးယူ ဥရောပသမဂ္ဂကြီးကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီအရေးအတွက် မနားတမ်းကြိုးပမ်းနေသူ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ အီးယူကောင်စီက တောင်းဆိုပါတယ်။ မလွှတ်ပေးရင် ၂၀၁၀ ရွေးကောက်ပွဲရဲ့တရားဝင်မှုကို ထိခိုက်နိုင်စေသလို အီးယူဘက်ကလည်း မလွှတ်မချင်း တွန်းအားပေးသွားမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးမှုတွေ အမြန်ဆုံးလုပ်ဖို့ မြန်မာစစ်အုပ်စုကို တောင်းဆိုကြောင်း အီးယူရဲ့ကြေညာချက်မူကြမ်းမှာ ဖော်ပြထားပါတယ်။

အီးယူအဖွဲ့ဝင် အင်အားကြီးနိုင်ငံတခုဖြစ်တဲ့ ဗြိတိန်အစိုးရက ဝန်ကြီးချုပ်ဂေါ်ဒွင် ဘရောင်းရဲ့နေအိမ်မှာ ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့ပွဲလုပ်ပြီး ၂၀၀၇ ရွှေဝါရောင်သံဃာ့လှုပ်ရှားမှု မှတ်တမ်းရုပ်ရှင်ကို ပြသခဲ့ပါတယ်။ ပထမဆုံးအကြိမ် ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်နေအိမ်မှာပြုလုပ်တဲ့ အဲဒီရုပ်ရှင်ပွဲကို ဝန်ကြီးချုပ်ကတော် ဆာရာဘရောင်းက ဦးစီးကျင်းပပြီး မြန်မာနိုင်ငံစစ်အုပ်စုရဲ့ ဖိနှိပ်မှုအောက်က အခြေအနေကိုပြောပြီး ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။

ဩစတြေးလျားနိုင်ငံခြားရေးဝန်ကြီး စတီဗင်စမစ်နဲ့ ဂျပန်ဝန်ကြီးချုပ်ဟောင်းတို့က ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ စစ်အုပ်စုလက်ထဲက ဒေါ်အောင်ဆန်းစုကြည်ရဲ့အခြေနေကို အထူးစိုးရိမ်မိကြောင်း၊ သူ့ကို အပြည့်အဝထောက်ခံကြောင်း၊ ရှေ့နှစ်မွေးနေ့ကို လွတ်လပ်တဲ့ကမ္ဘာမှာ ကျင်းပခွင့်ရဖို့ ဆုတောင်းကြောင်း ဩစတြေးလျား နိုင်ငံခြားရေးဝန်ကြီးရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှုတိုမူဟာတာက ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုခဲ့ပြီး ဒါဟာ ဒေါ်အောင်ဆန်းစုကြည်ကို ငြိမ်းချမ်းရေးဆုပေးမယ်လို့ ဂျပန်ပါလီမန်အ မတ် ၇၀ ကျော်က ကြေညာပြီးတဲ့နောက် ထွက်ပေါ်လာတာဖြစ်ပါတယ်။ အလားတူ ကမ္ဘာကျော်အနုပညာရှင်တွေဖြစ်တဲ့ ဟောလီးဝုဒ်မင်းသား ဂျော့ကလိုနေး၊ တေးသံရှင် ပေါလ်မက္ကာနေ၊ ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ဟမ်းတို့က လည်း ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေးအတွက် တောင်းဆိုခဲ့ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ၆၄ ရှစ်ပြည့်မွေးနေ့အတွက် ဆုတောင်းလိုသူတိုင်း www.64forsuu.com ကိုသွားပြီး ၆၄ လုံး ထက်မပိုတဲ့ စာလုံးနဲ့ သဝဏ်လွှာရေးနိုင်တယ်လို့လည်း သိရပါတယ်။ အာဆီယံ၊ တရုတ်၊ အိန္ဒိယနဲ့ အိမ်နီးချင်းအစိုးရတွေဆီက အခုအချိန်အထိ ဘာအသံမှ မကြားရသေးဘူးလို့ အေဂျင်စီသတင်းတွေမှာ ဖော်ပြထားပါတယ်။

# ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အထူးကိုယ်စားလှယ်တွေ နအဖကိုဝေဖန်

**VOA၊ ဇွန် ၁၇။ ။** ဒေါ်အောင်ဆန်းစုကြည်ကို အခုလက်ရှိ တရားကြားနာစစ်ဆေးမှုမှာ တရားရေးရပိုင်ခွင့်တွေ ချိုးဖောက်ခံနေရတယ်ဆိုပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက အထူးကိုယ်စားလှယ်တွေက မြန်မာစစ်အစိုးရကိုဝေဖန်သွားပါတယ်။

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချပြီး အများနဲ့မတွေ့နိုင်အောင် ကန့်သတ်ထားတာ စစ်အစိုးရကိုယ်တိုင်ဖြစ်တဲ့အတွက်လည်း အခုဒီနေအိမ်ကို ကျူးကျော်ဝင်ရောက်ခံရတဲ့ကိစ္စမှာ စစ်အစိုးရကိုယ်တိုင် တာဝန်ရှိတယ်လို့လည်း လူ့အခွင့်အရေးကိုယ်စားလှယ်တွေက ထောက်ပြပါတယ်။ အဲဒီထဲက လူ့အခွင့်အရေးကိုယ်စားလှယ်တဦးဖြစ်တဲ့ သောမတ်စ်အိုဟေးကင်တာနားနဲ့ ကိုဆက်သွယ်မေးမြန်းထားပါတယ်။

အခုဒေါ်အောင်ဆန်းစုကြည်အမှုကို ကြားနာစစ်ဆေးနေစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်ဘက်က အခြေခံဥပဒေကြောင်း ရပိုင်ခွင့်တွေဆုံးရှုံးနေတယ်ဆိုပြီး လူ့အခွင့်အရေးကိုယ်စားလှယ် ၅ ဦးက ထောက်ပြသွားတာပါ။ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးပိုင်း အားနည်းချက်တွေကို အရင်ကတည်းက လူ့အခွင့်အရေးကိုယ်စားလှယ်တွေက ထောက်ပြဘူးပါတယ်။ လူ့အခွင့်အရေးကောင်စီရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာသောမတ်စ်အိုဟေးကင်တားနားကတော့ မြန်မာစစ်အစိုးရကို သူတို့အနေနဲ့ အချက်နှစ်ချက်တောင်းဆိုတယ်လို့ ပြောပါတယ်။

"ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ကျနော်နဲ့အခြားလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် ၅ ဦးဟာ မြန်မာအစိုးရကို အခြေခံအားဖြင့် အချက်နှစ်ချက်တောင်းဆိုပါတယ်။ ပထမအချက်ကတော့ ဒေါ်အောင်ဆန်းစုကြည် တရားခွင့်စစ်ဆေးမှုကို တရားရေးလွတ်လပ်မျှတမှု အာမခံချက်ပေးဘို့ပါ။ ဥပဒေစိုးမိုးတဲ့နိုင်ငံတိုင်းမှာ တရားခုံရုံးက ပွင့်ပွင့်လင်းလင်းနဲ့ အများပြည်သူကြားနာခွင့်ရဘို့ မဖြစ်မနေအရေးကြီးပါတယ်။

ဒုတိယအချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို စွဲဆိုထားတဲ့အမှုကို ပြန်ရုတ်ပေးဘို့ပါ။ ဒီစွဲချက်ဟာ တကယ့်ကို အခြေအမြစ်ခိုင်မာမှုမရှိပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ဟာ အစိုးရရဲ့နေအိမ်အကျယ်ချုပ်အောက်မှာ နေခဲ့ရတာပါ။ ဒါကြောင့် သူမကိုဖမ်းဆီးထားမှုနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ စစ်အစိုးရမှာဘဲတာဝန်ရှိပါတယ်။"

မြန်မာနိုင်ငံကိုယ်စားလှယ် သောမတ်စ်အိုဟေးကင်တားနားနဲ့အတူ ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းမှုဆိုင်ရာ ကုလသမဂ္ဂအလုပ်အဖွဲ့ဥက္ကဋ္ဌ Ms.Manuela Carmena Castroilo၊ တရားသူကြီးနဲ့ရှေ့နေ တရားရေးလွတ်လပ်မှုဆိုင်ရာအထူးကိုယ်စားလှယ် Mr.Leandro Despouy၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Margaret Sekaggya၊ လွတ်လပ်စွာဆန္ဒသဘောထား ထုတ်ဖော်ပိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် Mr.Frank La Rue တို့ကနေ မြန်မာစစ်အစိုးရကို ဒီတောင်းဆိုချက်တွေ လက်မှတ်ရေးထိုးတောင်းခဲ့တာပါ။ တကယ်တော့ အခုဖြစ်နေတဲ့အမှုကိုယ်တိုင်ဟာ အခြေအမြစ်ခိုင်ခိုင်မာမာမရှိဘဲ နိုင်ငံရေးပယောဂပါနေတယ်လို့ လူ့အခွင့်အရေးကိုယ်စားလှယ်တွေက ယူဆထားပါတယ်။

"တကယ်တော့ ဒီစွဲချက်ကြီးက အခြေအမြစ်မရှိပါဘူး။ အခုအမေရိကန်လူမျိုးတဦး သူ့အိမ်ကိုကျူးကျော်ဝင်ရောက်လာတယ်ဆိုတဲ့ စွဲချက်ဖြစ်နေတဲ့အချိန်မှာ တကယ်တော့ သူမအပေါ် အနေအိမ်အကျယ်ချုပ်သက်တမ်း ကုန်ဆုံးတာမို့ လွတ်မြောက်နေရမယ့်အချိန်ပါ။ ကျနော်ပြောခဲ့သလိုပါဘဲ...တကယ်တော့ အစိုးရရဲ့ဖမ်းဆီးခံရသူနဲ့ပတ်သက်တဲ့ ကိစ္စအဝဝဟာ အစိုးရအပေါ်မှာဘဲတည်ပါတယ်။ အစိုးရမှာတာဝန်ရှိပါတယ်။ ဒါကြောင့် အခုကိစ္စမှာ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုတယ်ဆိုတာ မှားယွင်းတဲ့အချက်ပါ။"

ဒါကြောင့်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ အခု ဒေါ်အောင်ဆန်းစုကြည်အမှု အသွားအလာအခြေအနေကို အနီးကပ်စောင့်ကြည့်ပြီး ဖိအားပေးနေဘို့လိုမယ်လို့လည်း မစ္စတာကင်တားနားက တိုက်တွန်းပါတယ်။

"နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ဒီတရားခွင်ရလဒ်တွေ အခြေအနေတွေကို အနီးကပ်စောင့်ကြည့်နေဘို့လိုပါတယ်။ စစ်အစိုးရအနေနဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးရပိုင်ခွင့်တွေ လေးစားလိုက်နာလာစေရေး တိုက်တွန်းဘို့လိုပါတယ်။ ရှေ့ဆက်ဘာတွေဖြစ်လာမလဲ စောင့်ကြည့်ဘို့လိုပါတယ်။"

မစ္စတာကင်တားနားအနေနဲ့တော့ အခုလာမယ့် ဂျူလိုင်လထဲ မြန်မာနိုင်ငံကိုသွားရောက်နိုင်ဘို့ တောင်းဆိုထားပေမယ့် စစ်အစိုးရဘက်က သူ့ကိုဘာမှအကြောင်းမပြန်သေးဘူးလို့ သိရပါတယ်။ မြန်မာစစ်အစိုးရအနေနဲ့ကတော့ ဒေါ်အောင်ဆန်းစုကြည်အမှုကိစ္စကို အစိုးရသတင်းစာတွေအပြင် နိုင်ငံတွင်းပုဂ္ဂလိကသတင်းဂျာနယ်အချို့မှာလည်း ဖော်ပြခွင့်ပေးခဲ့ပါတယ်။

ဒါပေမယ့်လည်း ဒါဟာ အစိုးရဖော်ပြတဲ့သတင်းတွေအပေါ်မှာဘဲ အခြေခံရေးထားတာတွေ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အမှုကိုတော့ အခု ကြားနာစစ်ဆေးမှုကို ဇွန် ၂၆ ရက်နေ့မှာ ထပ်မံကြားနာဘို့ရှိပါတယ်။

# တိဘက်ဝန်ကြီးချုပ်က ဒေါ်စုကို ချီးမွမ်း

**DVB၊ ဇွန် ၁၆။ ။** တိဘက်အဝေးရောက် အစိုးရဝန်ကြီးချုပ် အက်စ်ရင်ပိုချေးက ရုံးစိုက်ရာ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဒရမ်ဆာလာမြို့မှာ မနေ့က နိုင်ငံတကာကျောင်းသားလူငယ်တွေနဲ့ တွေ့ဆုံဆွေးနွေးစဉ် ဒေါ်အောင်ဆန်းစုကြည်ကို ချီးကျူးစကား ပြောဆိုလိုက်ပါတယ်။

တိဘက် အဝေးရောက်အစိုးရ ဝန်ကြီးချုပ် ဘုန်းတော်ကြီး အက်စ်ရင်ပိုချေးက နိုင်ငံတကာကျောင်းသားလူငယ်တွေနဲ့ တွေ့ဆုံစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ဗုဒ္ဓဝါဒီကောင်း တယောက်ဖြစ်တယ်လို့ မိန့်ကြားသွားတာပါ။

"ဒေါ်အောင်ဆန်းစုကြည်ဟာ ဗုဒ္ဓဝါဒအတိုင်း သစ္စာရှိရှိ ကျင့်ကြံနေထိုင်တဲ့ ဒီမိုကရေစီခေါင်းဆောင်ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မြန်မာပြည်သူတွေက ချစ်မြတ်နိုးတဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ဖြစ်ပါတယ်၊ လူထုတရပ်လုံးက တညီတညွတ်တည်းနဲ့ ခေါင်းဆောင်အဖြစ် သတ်မှတ်ထားတဲ့ သူရဲကောင်းတဦးလည်းဖြစ်ပါတယ်။ ၂၀ ရာစု ၂၁ ရာစုရဲ့ ခေါင်းဆောင်ကောင်းတဦးအဖြစ်လည်း သတ်မှတ်ထားတာ ပါ။"

နအဖစစ်အုပ်စုက မတရားသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ချုပ်နှောင်ထားတာနဲ့ ပတ်သက်ပြီးတော့လည်း အက်စ်ရင်ပိုချေးက မိန့်ကြားပါတယ်။

"အခုဆို ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အုပ်စုက တရားမဝင်ချုပ်နှောင်ထားတာ နှစ်ပေါင်း အတော်ကြာနေပါပြီ။ ဒါကြောင့် ကျနော်တို့ အနေနဲ့ တော်တော့်ကို စိတ်မသက်မသာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ကျနော်တို့က စာနာမှု အပြည့်ရှိပါတယ်။ ထောက်ခံမှုလည်း ပေးပါတယ်။"

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် တိဘက်ခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒလိုင်းလားမားရဲ့ ကြိုးစားမှုတွေကိုလည်း အက်စ်ရင်ပိုချေးက မိန့်ကြားပါတယ်။

"ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒလိုင်းလားမားကလည်း တခြားကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်တွေနဲ့အတူ ထိုင်း–မြန်မာ နယ်စပ်ကိုသွားပြီး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် နအဖစစ်အုပ်စုကို မေတ္တာရပ်ခံတဲ့ လှုပ်ရှားမှုတွေ ပြုလုပ်ခဲ့ပြီးပါပြီ။ ဒါပေမယ့် နအဖစစ်အုပ်စုက ဘာမှတုံ့ပြန်တာ မရှိပါဘူး။ ဒီလအတွင်းမှာပဲ အဲဒီငြိမ်းချမ်းရေးနိုဘယ်ဆုရှင်တွေက ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် လှုပ်ရှားမှုတွေ ထပ်ဆောင်ရွက်နေပါတယ်။"

# တရုတ်–မြန်မာမူးယစ်ဆေးမှောင်ခိုလုပ်ငန်း(၅)

**ဦးအောင်ခင်**
**မျက်မှောက်ရေးရာသုံးသပ်ချက်**

တရုတ်–မြန်မာ မူးယစ်ဆေးတိုက်ဖျက်ရေးအကြောင်း ဒီအပတ်တင်ပြပါမယ်။ နိုင်ငံတကာ မူးယစ်ဆေးရောင်းဝယ်မှုမှာ ဟောင်ကောင်နဲ့ထိုင်ဝမ်ကတရုတ်တွေအပြင် ပြည်ပရောက်တရုတ်အတော်များများပါဝင်တယ်လို့ မူးယစ်ဆေးနှိမ်နှင်းရေးဌာနတွေက ယုံကြည်ပါတယ်။

တောင်အမေရိကတိုက် ကိုလံဘီယာနဲ့ပီရူးမှာအခြေစိုက်တဲ့တရုတ်တွေကလည်း သူတို့ဆီကမူးယစ်ဆေးကို နိုင်ငံခြားတင်ပို့ဘို့ အမြဲကြိုးစားနေပါတယ်။ ဒါကြောင့် နိုင်ငံတကာမူးယစ်ဆေးမှောင်ခိုမှာပါဝင်တဲ့ တရုတ်ဦးရေဟာ အမြဲတမ်းတိုးပွားနေပါတယ်။ ဒါပေမယ့် တရုတ်ပြည်မှာတော့ မူးယစ်ဆေးစားသုံးသူဦးရေမတိုးပွားအောင် တရုတ်အစိုးရကဆောင်ရွက်နိုင်တယ်လို့ အစီရင်ခံစာရေးသူတွေက ဆိုပါတယ်။

ဆေးစွဲသူမှန်သမျှ ဆေးကုသမှုခံရပြီး မူးယစ်ဆေးရောင်းဝယ်သူကို ကြီးလေးစွာအပြစ်ပေးတာမို့ မူးယစ်ဆေးသုံးစွဲမှု ကျဆင်းလာပါတယ်တဲ့။ လွန်ခဲ့တဲ့အနှစ်တရာကျော်က ဘိန်းတင်သွင်းလို့ တပြည်လုံးဒုက္ခရောက်ရပုံကို တရုတ်အစိုးရက အမြဲတမ်းသတိရနေပုံရပါတယ်တဲ့။ ဒါကြောင့် မူးယစ်ဆေးသုံးသူနည်းလာအောင် ပညာပေးစည်းရုံးတဲ့အပြင် မူးယစ်ဆေးတွေ မဝင်နိုင်အောင်လည်းကြိုးစားပိတ်ပင်ပါတယ်။

တရုတ်အစိုးရ ဗဟိုမူးယစ်ဆေးတိုက်ဖျက်ရေးဌာနမှာ အချိန်ပြည့်အမှုထမ်း ၅၀ ကျော်ရှိပါတယ်။ အမေရိကန် DEA မူးယစ်ဆေးနှိမ်နှင်းရေးဌာနမှာတော့ အမှုထမ်းတသောင်းလောက်ရှိပါတယ်။ မူးယစ်ဆေးနှိမ်နှင်းတဲ့ ရဲသားတွေပါထည့်တွက်ရင် ဒီထက်များပါတယ်။ အမေရိကန်နဲ့ယှဉ်ရင် တရုတ်မူးယစ်ဆေးဌာနဟာ အသေးအမွှားလိုဖြစ်နေပါတယ်။ ဒါပေမယ့် တရုတ်တပြည်လုံးမှာ မူးယစ်ဆေးနှိမ်နှင်းရေးရဲအရာရှိက နှစ်သောင်းလောက်ရှိပါတယ်။ ဒါတင်မကသေးဘူး ပြည်နယ်ရဲတပ်ဖွဲ့မှာလည်း မူးယစ်ဆေးနှိမ်နှင်းရေးတပ်တွေဖွဲ့ထားတာကြောင့် ထိထိရောက်ရောက်နှိမ်နှင်းနိုင်တာပါဘဲ။

ဘိန်းထွက်တဲ့မြန်မာပြည်နဲ့ဆက်နေတဲ့ ယူနန်ပြည်နယ်က မူးယစ်ဆေးနှိမ်နှင်းရေးတပ်ဖွဲ့ဟာ အင်အားအကောင်းဆုံးဖြစ်ပါတယ်။ မူးယစ်ဆေးနှိမ်နှင်းရေးအတွက် အထူးလေ့ကျင့်ထားတဲ့ရဲတပ်သားတွေ ယူနန်ပြည်နယ်မှာရှိပါတယ်။ တရုတ်ပြည်မှာ ဖမ်းဆီးရမိတဲ့ဘိန်းဖြူထဲမှာ ၈၀ %ဟာ ယူနန်မှာဖမ်းမိတာဖြစ်ပါတယ်။ မူးယစ်ဆေးနှိမ်နှင်းရေးကိုလည်း ယူနန်ကဘဲပထမဆုံးလုပ်ပါတယ်။ မူးယစ်ဆေးတိုက်ဖျက်ရေးမှာ လုပ်ငန်း ၃ ခုခွဲထားပါတယ်။ ယူနန်ပြည်နယ်ကို မူးယစ်ဆေးမဝင်နိုင်အောင် ပိတ်ပင်တားမြစ်တာဟာ ပထမလုပ်ငန်းပါ။ ယူနန်ကိုရောက်လာတဲ့ မူးယစ်ဆေးတွေ အခြားပြည်နယ်ကို ရောက်မသွားအောင်ကြိုးပမ်းတာက ဒုတိယလုပ်ငန်းဖြစ်ပါတယ်။ တတိယလုပ်ငန်းကတော့ မသင်္ကာတဲ့နေရာအားလုံးကို ရှာဖွေစစ်ဆေးတာဖြစ်ပါတယ်။

မူးယစ်ဆေးမှောင်ခိုတွေဟာ လာဒ်ထိုးတဲ့နေရာမှာ ရက်ရောတဲ့အတွက် အဂတိလိုက်စားမှုရှိတာကို တရုတ်အရာထမ်းတွေကဝန်ခံပါတယ်။ ဒါပေမယ့် တောင်အမေရိကနိုင်ငံတွေလောက်မဆိုးသေးဘူးလို့ဆိုပါတယ်။ လာဒ်စားမှုအလွန်နည်းပါးတာကြောင့် တရုတ်မူးယစ်ဆေးနှိမ်နှင်းရေးဌာနဟာ ကမ္ဘာပေါ်မှာအသန့်ရှင်းဆုံးဘဲလို့ ဘေဂျင်းအခြေစိုက် အရာထမ်းတဦးကဆိုပါတယ်။ ဘိန်းမှောင်ခိုနဲ့အစိုးရအမှုထမ်းတွေ ရောထွေးယှက်တင်ဖြစ်တာမျိုး တရုတ်ပြည်မှာမရှိပါဘူး။

မူးယစ်ဆေးနှိမ်နှင်းရေးလုပ်ငန်းမှာ သတင်းရဘို့နဲ့သတင်းပေးတွေ အများအပြားရှိဘို့ကိစ္စဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ သတင်းမရရင် ဘာမှလုပ်လို့မရပါဘူး။ စစ်ဆေးရေးစခန်းတွေဖွင့်ပြီး တွေ့မြင်သမျှကိုစစ်ဆေးနေလို့ ဘာမှထိရောက်မှာမဟုတ်ပါဘူး။ ဂွမ်တုံပြည်နယ်ဟာ ပို့ကုန်သွင်းကုန်လုပ်ငန်းကို အဓိကထားတာမို့ ကုန်ထည့်တဲ့ကွန်းတိန်နာတွေ သန်းနဲ့ချီပြီးနေ့စဉ်ဝင်ထွက်နေပါတယ်။ ဒါကိုစစ်ဆေးဘို့ လူအင်အားရော ပစ္စည်းကိရိယာရောမရှိပါဘူး။ ကားလမ်းတွေမှာ စစ်ဆေးရေးစခန်းဖွင့်ပြီး တနှစ်လုံးရှာပေမယ့် သတင်းရတဲ့ ၂ ကြိမ်ဘဲ မူးယစ်ဆေးဖမ်းဆီးရမိပါတယ်။

ဒါကြောင့်မို့ သတင်းအချက်အလက်ဖလှယ်မှုနဲ့ စုံစမ်းထောက်လှမ်းမှုဟာ မူးယစ်ဆေးနှိမ်နှင်းရေးမှာ အဓိကလက်နက်တွေဖြစ်လာပါတယ်။ မူးယစ်ဆေးအမှုဟာ သာမန်ရာဇဝတ်မှုနဲ့မတူပါဘူး။ သာမန်ရာဇဝတ်မှုမှာ ခံရသူက ရဲကိုအကူအညီတောင်းပါတယ်။ မူးယစ်ဆေးနဲ့ပတ်သက်တဲ့အမှုမှာ ဘယ်သူကမှရဲကိုမတိုင်ကြပါဘူး။ ဒါကြောင့် မူးယစ်ဆေးနှိမ်နှင်းရေးအမှုထမ်းတွေဟာ အမြဲတမ်းစုံစမ်းထောက်လှမ်းပြီး သတင်းယူနေရပါတယ်။ ဒီလိုမလုပ်နိုင်ရင် ဘာမှလုပ်စရာမရှိတော့ပါဘူး။ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်တာဟာ မူးယစ်ဆေးနှိမ်နှင်းရေးမှာ အရေးကြီးပါတယ်။

အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းတွေမှာ မူးယစ်ဆေးနှိမ်နှင်းရေးဟာ အလွယ်ဆုံးပါ။ ရည်ရွယ်ချက်တခုတည်းကို စုပေါင်းအကောင်အထည်ဖော်တာမို့ နိုင်ငံရေးအဟန့်အတားကင်းရှင်းတဲ့အတွက် လုပ်ရကိုင်ရလွယ်ကူတာဖြစ်ပုံရပါတယ်။ နိုင်ငံခြားအစိုးရဌာနတွေနဲ့ သတင်းဖလှယ်ရာမှာနဲ့ ပူးတွဲဆောင်ရွက်ရာမှာ အခက်အခဲမရှိဘူးလို့ တရုတ်အရာထမ်းတဦးကပြောပါတယ်။ ၂၀၀၀ခုနှစ်ကစပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အရှိန်ရလာတယ်လို့ဆိုပါတယ်။ နိုင်ငံခြားအစိုးရဌာနတွေနဲ့ လက်တွဲလုပ်ကိုင်ရတဲ့အမှုတွေလည်း တိုးပွားလာပါတယ်တဲ့။

ဥပမာ ဘိန်းမှောင်ခို တန်ရှောင်လင်းအမှုမှာ ဗမာအစိုးရနဲ့ပူးပေါင်းဆောင်ရွက်နိုင်တဲ့အတွက် ဖမ်းဆီးနိုင်တာပါ။ မြန်မာပြည်ဘက်မှာနေထိုင်ရင် တရုတ်အစိုးရ မဖမ်းနိုင်ဘူးလို့ တန်ရှောင်လင်းကယူဆပြီး တရုတ်ပြည်ကို ဘိန်းဖြူတွေလှိမ့်သွင်းနေပါတယ်။ ဒါပေမယ့် ဗမာရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး စုံစမ်းလိုက်တဲ့အခါမှာ ဘိန်းဖြူကီ လိုတသောင်းကျော် တရုတ်ပြည်ကို တင်သွင်းနေတာ တန်ရှောင်လင်းရဲ့အဖွဲ့ဖြစ်ကြောင်း သိရပါတော့တယ်။

တရုတ်အစိုးရမူးယစ်ဆေးဌာနဟာ နိုင်ငံပေါင်းသုံးလေးဆယ်လောက်နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဟောင်ကောင်နဲ့ပူးတွဲလုပ်ကိုင်တာ အများဆုံးဖြစ်ပေမယ့် တရားဥပဒေစနစ်ချင်းမတူတဲ့အတွက် အခက်အခဲရှိပါတယ်။ ဥပမာ တရုတ်ပြည်မှာခိုလှုံနေတဲ့ တရားခံပြေးတဦးကို ဖမ်းပေးဘို့ဟောင်ကောင်ရဲက မေတ္တာရပ်ခံလာရင် တရုတ်ရဲက အဲဒီတရားခံပြေးကိုဖမ်းပြီးတော့ ဟောင်ကောင်ကိုပို့ပေးလိုက်ပါတယ်။ ဒါပေမယ့် ဟောင်ကောင်မှာခိုလှုံတဲ့ တရုတ်ပြည်ကတရားခံပြေးကိုတော့ ဟောင်ကောင်ရဲကပြန်မပို့ပေးနိုင်တာများပါတယ်။ အကြောင်းကတော့ တရုတ်ပြည်နဲ့ဟောင်ကောင်အကြားမှာ တရားခံပြန်ပို့ရေးသဘောတူစာချုပ် မရှိလို့ဖြစ်ပါတယ်တဲ့။ မူးယစ်ဆေးမှောင်ခိုလုပ်ငန်းကို ဟောင်ကောင်ကကြိုးကိုင်တာများပေမယ့် အခုတော့ ဟောင်ကောင်ပါဝင်တဲ့အခန်းကဏ္ဍဟာ အရင်လောက်မကြီးမားတော့ဘူးလို့ အမေရိကန်မူးယစ်ဆေးဌာနက သုံးသပ်ပါတယ်။ ATS စိတ်ကြွဆေး စားသုံးတဲ့လူငယ်တွေများလာပြီး ဘိန်းဖြူစားသုံးသူဦးရေ ကျဆင်းလာတယ်လို့သိရပါတယ်။ ဒါပေမယ့် မူးယစ်ဆေးလုပ်ငန်းကို ငွေကြေးထောက်ပံ့ရာမှာ ဟောင်ကောင်ဟာ အရေးကြီးတဲ့အခန်းကပါဝင်နေတုန်းဘဲလို့ အမေရိကန်နဲ့ဟောင်ကောင်ရဲက ယူဆပါတယ်။

မူးယစ်ဆေးမှောင်ခိုလုပ်ငန်းကရတဲ့ ငွေမဲတွေကို တရားဝင်ငွေဖြူဖြစ်အောင် ခဝါချတဲ့နေရာမှာ ဟောင်ကောင်တရုတ်ဟာ အကျွမ်းကျင်ဆုံးဘဲလို့ တရုတ်အစိုးရအရာထမ်းတွေက ယုံကြည်ကြပါတယ်။ သင်္ဘောမျိုးစုံဝင်ထွက်နေပြီး စည်ကားတဲ့ဆိပ်ကမ်းမြို့ဖြစ်တဲ့ ဟောင်ကောင်ကတဆင့် မူးယစ်ဆေးဖြန့်ဝေတဲ့ အစဉ်အလာကတော့ ဆက်လက်တည်ရှိနေဦးမှာဖြစ်ပါတယ်။

# ပယ်ချခံ သက်သေ ၂ ဦးကိစ္စ လျှောက်လဲချက် ဗဟိုတရားရုံးချုပ်က လက်ခံ

**DVB | ဂျွန် ၁၇ ။ ။** နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှုနဲ့ စစ်အုပ်စုက တရားစွဲဆိုထားတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အတွက် သက်သေထွက်ဆိုခွင့်ရရေး ပယ်ချခံထားရတဲ့ သက်သေ ၂ ဦးကိစ္စ လျှောက်လဲချက်ကို ဗဟိုတရားရုံးချုပ်က လက်ခံလိုက်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အတွက် တင်ပြခဲ့တဲ့ သက်သေ ၄ ဦးထဲက ၂ ဦး ပယ်ချခံနေရဆဲဖြစ်တဲ့အတွက် ဒါဟာ တရားဥပဒေနဲ့ မညီကြောင်း၊ ဒီအတွက် တရားဥပဒေနဲ့အညီ ဆုံးဖြတ်ဖို့ ထပ်မံလျှောက်လဲချက်ကို ဗဟိုတရားရုံးချုပ်ကို ဒီနေ့တင်ပြခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်အတွက် တင်ပြခဲ့တဲ့ သက်သေ ၄ ဦးက နေအိမ်အကျယ်ချုပ်ကျနေတဲ့ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်၊ တောင်ကြီးမြို့က တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မိုးမိုးနဲ့ လပွတ္တာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှေ့နေဦးကြည်ဝင်းတို့ဖြစ်ပါတယ်။ မူလ အင်းစိန်ထောင် အထူးတရားရုံးက လပွတ္တာမြို့နယ် ပြည်သူ့လွှတ်တော်ရှေ့နေဦးကြည်ဝင်းနဲ့ တောင်ကြီးမြို့က တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မိုးမိုးတို့ ၂ ဦးကိုသာ လက်ခံခဲ့တဲ့အတွက် ဒါဟာ တရားဥပဒေနဲ့မညီဘူးဆိုပြီး ကျန်သက်သေ ၂ ဦး ထပ်မံထွက်ဆိုခွင့်ရရေး ဗဟိုတရားရုံးချုပ်ထံ ထပ်မံလျှောက်လဲခဲ့တာလို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင်တဦးဖြစ်တဲ့ ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ကျနော်တို့တင်တဲ့အမှုကို လက်ခံတယ်လို့အမိန့်ထွက်ပါတယ်။ လက်ခံတဲ့အတွက် နောက်တဆင့်ကျရင် တရားလိုဘက်ရော၊ ကျနော်တို့ရော နှစ်ဖက်လျှောက်လဲချက်ထပ်ပေးပြီးမှ သက်သေ ၂ ဦး စစ်ခွင့်၊ မစစ်ခွင့်ဆိုတာ အဖြေပေါ်မယ်။ ဗဟိုတရားရုံးက ဘယ်နေ့လို့ ရက်ချိန်းမပေးဘူး။ သူ့ထုံးစံက သောကြာနေ့မှာ အမှုစာရင်းတွေထွက်တယ်။ ဘယ်နေ့လဲဆိုတာ အဲဒီအမှုစာရင်းကိုစောင့်ကြည့်ရမယ်။"

ဗဟိုတရားရုံးချုပ်က အခုလိုလျှောက်လဲချက်ကို လက်ခံလိုက်တဲ့အပေါ် ဥပဒေအရ ဝမ်းသာစရာဖြစ်ပြီး သက်သေနှစ်ဦးနဲ့ပတ်သက်လို့ စစ်ဆေးခွင့်ရဖို့ ပိုမိုမျှော်လင့်ချက် ရှိလာတယ်လို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ ပယ်ချခံ သက်သေတဦးဖြစ်တဲ့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်က ခုလို လက်ခံလိုက်တာနဲ့ပတ်သက်ပြီး တရားရုံးချုပ်က စနစ်တကျ လိုက်နာတဲ့ သဘောကိုပြတဲ့ အနေအထားမှာရှိတယ်လို့ ပြောပါတယ်။

"တရားရုံးချုပ်ကစပြီး လက်မခံဘဲ ပယ်လိုက်ရင်တော့ သူတို့ အလွန်အရုပ်ဆိုးမှာပေါ့။ တိုင်းပြည်မှာ တရားဥပဒေရှိသေးရဲ့လားလို့တောင် မေးစရာဖြစ်မယ့်အနေအထားရောက်သွားမှာပေါ့။ အဲဒီအနေအထား မရောက်အောင်လက်ခံလိုက်တယ်။ သို့သော် ဒီလူတွေတော့ သက်သေခံဖို့မလိုဘူးဆိုပြီး ပယ်ချနိုင်ပါသေးတယ်။"

ပယ်ချခံ သက်သေတွေကိစ္စ တဆင့်ပြီးတဆင့် ထပ်မံလျှောက်လဲချက် တင်နေတာနဲ့ပတ်သက်လို့လည်း ဦးဝင်းတင် ပြောပြတာကတော့ အခုလိုမှတ်ချက်ပေးပါတယ်။

"တရားရုံးချုပ် တက်စေချင်တဲ့တာက ဒေါ်စုရဲ့ဆန္ဒ။ ကျနော် ဒေါ်စုကို ထောက်ခံတယ်။ ဒေါ်စုကို သဘောကျတယ်။ တိုင်းပြည်မှာ တရားဥပဒေအတိုင်း တရားမျှမျှတတစီရင်နေတယ်၊ ဆုံးဖြတ်နေတယ်ဆိုရင် ရေဆုံးမီးဆုံး အခွင့်အရေးတွေ၊ တရားမျှတမှုတွေ တောင်းဆိုရမှာပဲ။ ကျနော်တို့ကို မပေးဘူးဆိုတဲ့ သဘောကတော့ ခန့်မှန်းလို့ရပါတယ်။ ဒေါ်စုရဲ့အမှုက ကန့်သတ်မှုကို ဖောက်ဖျက်တဲ့အမှုလို့ပြောတယ်။ ကန့်သတ်မှုက ဘယ်ကနေ မြစ်ဖျားခံလာလဲဆိုတော့ ၂၀၀၃ ခုနှစ် ဒီပဲယင်းအမှုအထိ ပြန်လှန်ရတယ်၊ ဦးတင်ဦးလိုပုဂ္ဂိုလ်က အများကြီးသိတယ်၊ အများကြီးပြောနိုင်တယ်။ ဒေါ်စုနဲ့သူ နှစ်ယောက်လုံးမသေလို့ လွတ်လာတာပဲ။"

"သူ့မှာ ပြောစရာအများကြီးရှိတာပေါ့။ ကျနော့်ဘက်ကလည်း ပြောစရာအများကြီးရှိမှာပေါ့။ ကျနော်တို့မှာ မျှော်လင့်ချက်မရှိဘူးဆိုတာ သဘောတူတယ်။ ကျနော်တို့ သက်သေခံခြင်း၊ မခံခြင်းကြောင့် ဒေါ်စုလွတ်မယ်မလွတ်ဘူးဆိုတာ အပ်စပ်ခြင်းဘာမှမရှိဘူး။ သို့သော် ဒေါ်စု ဆက်ပြီး တရားဥပဒေကို တက်တယ်ဆိုတာက ကျနော်တို့ တိုင်းပြည်မှာ တရားဥပဒေစိုးမိုးမှုရှိသလား၊ တရားဥပဒေအတိုင်း လုပ်တယ်ဆိုတာ ရှိသလား၊ တရားမျှတမှုဆိုတာ ရှိသလား။ အဲ့ဒါကို ကျနော်တို့ သက်သေထူဖို့ ပြင်တာပဲ။"

ဒီနေ့ ဗဟိုတရားရုံးချုပ်အနီး လုံခြုံရေးအထူးတင်းကျပ်ထားသလို ပြည်တွင်း နိုင်ငံခြားသတင်းထောက်တွေလည်း အပြင်မှာပဲ စောင့်ဆိုင်း သတင်းယူကြရတယ်လို့ ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။

# လမ်းပြင်ရန် ကုန်ကား ဆင်နှင့် မြင်းများကို စစ်တပ်က အဓမ္မချောဆွဲ

**DVB | ဂျွန် ၁၅ ။ ။** ကချင်ပြည်နယ်တွင် လမ်းပြုပြင်ရာ စစ်တပ်က ကုန်တင်ကားနဲ့တိရိစ္ဆာန်တွေကို ချောဆွဲပြီး အဓမ္မလုပ်အားပေးခိုင်းစေနေတဲ့အတွက် အလွန်အခက်အခဲတွေ့နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

လုပ်အားပေးခိုင်းစေခံနေရတဲ့ ကားတွေက ကချင်ပြည်နယ် မြစ်ကြီးနားမြို့က တနိုင်းမြို့ကို ပြေးဆွဲနေတဲ့ ကားတွေဖြစ်ပြီး၊ ချောဆွဲခံရတဲ့ တိရိစ္ဆာန်တွေက တနိုင်း၊ ရှင်ဗွေယန်နဲ့ အဲဒီအနီးနားကျေးရွာတွေက ဆင်နဲ့လားတွေဖြစ်တယ်လို့ ဒေသခံတချို့က ပြောပါတယ်။ တနိုင်းမြို့ကနေ အိန္ဒိယနယ်စပ် စစ်ကိုင်းတိုင်း နန့်ယွန်းမြို့ကို လမ်းပြုပြင်ရေးအတွက် ပစ္စည်းတွေ သယ်ပေးရတာလို့ တနိုင်းမြို့ခံတဦးက ပြောပါတယ်။

"တနိုင်း ရှင်ဗွေယန်လမ်း စစချင်း ဗိုလ်မှူးရဲဝင်းအောင်ဆိုတဲ့လူက ခေါ်ပြီး အရပ်ကားတွေမှာကို ချောဆွဲ အသုံးပြုနေတာ။ လမ်းမကြီးပြုပြင်ဖို့ ဒီဇယ်ပေပါဂါလံ ၈ ထောင်ကို တောင်ပေါ်ပို့ခိုင်းတာ၊ ကားတွေများတယ် ၅ စီး ၆ စီးလောက်ရှိတယ်။ တရက်တည်း မဟုတ်ဘူး၊ မပြီးမချင်းခိုင်းတာ။ ဒုတိယကမ္ဘာစစ်က ဖောက်ထားတဲ့လမ်းကြီးကို ပြန်လည်ပြုပြင်ဖို့ဆိုပြီးလုပ်တာ။ ကားတွေက တောင်ပေါ်သွားလို့မရတော့ ဆင် ၃၇ ကောင်၊ မြင်းအကောင် ၅၀ ခေါ်ထားတယ်တဲ့။ အရပ်သားတွေရဲ့ဆင်ခေါ်ပြီးတော့ ချောဆွဲထားတာ၊ ပိုက်ဆံမပေးဘူး၊ ဒီအတိုင်းခေါ်ပြီး အသုံးချတာ။"

လမ်းပန်းဆက်သွယ်ရေး နေထိုင်စားသောက်ရေး အကုန်လုံး အခက်အခဲတွေ အများကြီး ရှိတဲ့အပြင် အခကြေးငွေမပေးဘဲ အဓမ္မချောဆွဲခံရလို့ အများစုက မကျေနပ်ဘူးလို့လည်း ဆက်ပြောပြပါတယ်။

"သူတို့ရဲ့ဆက်ဆံရေးက အရမ်းရိုင်းတာ။ ကားလည်းသွား ရင် ၄၊ ၅ ရက်နေမှ တခေါက်ပြန်ရတယ်။ ဆင်ဆိုလည်း ၁၀ ရက် ၁၅ ရက် တလ ကြာမှ တခေါက်မှပြန်ရတယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားရတာ၊ သူတို့ဘာမှမလုပ်ပေးဘူး။ "ကျနော်တို့ဆီမှာတော့ အဲ့ဒီဆင်နဲ့ဆို ရွှေတွင်းတို့၊ သစ်ဆွဲတာ၊ ကြိမ်ဆွဲတာ၊ ဝါးဆွဲတာတို့ရတယ်။ ကျေးရွာမှာရှိတဲ့ ရိက္ခာပို့ဆောင်ရေးပေါ့။ ကျနော်တို့ကျေးရွာတွေမှာ အဲ့ဒါပဲ လုပ်ကိုင်စားသောက်ကြတယ်၊ သူတို့က ဒါနဲ့ပဲ အသက်မွေးဝမ်း ကြောင်းပြုတာ။ ခုလိုခေါ်သွားတော့ အခက်အခဲ အများကြီးတွေ့တာပေါ့။"

ဒေသအုပ်ချုပ်ရေး အာဏာပိုင်တွေက ဒီကိစ္စမကျေနပ်ရင် တိုင်ချင်တဲ့နေရာတိုင်လို့ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုတာတွေပါ ရှိတယ်လို့ အဲဒီ တနိုင်းဒေသခံကပြောပါတယ်။ ကျေးလက်ဒေသတွေမှာ ခုလိုဖြစ်နေတာကို အထက်အာဏာပိုင်တွေ သိစေလိုကြောင်း၊ အထက်အာဏာပိုင်တွေအနေနဲ့ ဒါတွေကို မသိတာလား၊ လျစ်လျူရှုထားတာလားဆိုတာ နားမလည်ကြောင်းလည်း အဲဒီ ဒေသခံကဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ တနိုင်းအခြေစိုက်စစ်ဒေသ အုပ်ချုပ်ရေး အဖွဲ့တွေဆီ ဆက်သွယ်လို့မရပါဘူး။ ဒေသခံ တွေက ဒီအဓမ္မလုပ်အားပေးခိုင်းစေမှုကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် အိုင်အယ်လ်အိုဆီတိုင်ချင်ပေမယ့် လမ်းပန်းဆက်သွယ်ရေး အခက်ခဲတွေရှိနေတယ်လို့ဆိုပါတယ်။

# ဒီမိုကရေစီ၏အခြေခံမူများ

**ကျော်ကျော်စိုး**

ယခင်တပတ်မှအဆက်

**ယခင်ပတ်အဆက်**

အပိုင်း ၁၈

## အမျိုးသမီးနှင့်ကလေးများအခွင့်အရေး

အမျိုးသမီးများအပေါ်နှိမ်ချဆက်ဆံခြင်းသည် လိင်ကွဲပြားမှုအပေါ် အခြေပြုသည့်ကန့်သတ်မှု၊ ပိုင်းပယ်မှု၊ ခွဲခြားသည့် သီးခြားဥပဒေ သို့မဟုတ် လုပ်ဆောင်ချက်များရှိသည်ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံများသည် အမျိုးသမီးများ၏အခွင့်အရေးကို ကာကွယ်ပေးခြင်း၊ လူ့အဖွဲ့အစည်းအတွင်းနှင့် အစိုးရအဖွဲ့အတွင်းရှိ နယ်ပယ် အသီးသီးတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နှင့် ၄င်းတို့၏သဘောထားအမြင်များကို လွတ်လပ်စွာထုတ်ဖော်ပြသခွင့်၊ ပူးပေါင်းပါဝင်ခွင့်ရှိရန် အခြေအနေနှင့်နေရာများကို ဖန်တီးပေးထားသည်။

အမျိုးသမီးများ ဥပဒေအောက်တွင် တပြေးညီတင်ပြပိုင်ခွင့်နှင့် ဥပဒေဆိုင်ရာအထောက်အပံ့များကို ရယူပိုင်ခွင့် အစရှိသည့် ဥပဒေကြောင်းအရ အခွင့်အရေးများရှိရမည်ဖြစ်သည်။

– အမျိုးသမီးများအခွင့်အရေးကို တိကျရှင်းလင်းစွာဖော်ပြထားရမည်။ (အမျိုးသမီးများအတွက် ဥပဒေရေးရာခံစားခွင့်များမပေးနိုင်ခြင်းသည် ကမ္ဘာတွင်ဖြစ်ပွားနေသောဆင်းရဲမွဲတေမှု၏အဓိကအကြောင်းများထဲမှအချက်တချက်ဖြစ်သည်)

– အမျိုးသမီးများသည် ပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံပိုင်ခွင့်ရှိရမည်၊

– ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး၊ အကောင်အထည်ဖော်ရေးနှင့် ဥပဒေပြုရေးကိစ္စရပ်များတွင် အမျိုးသမီးများပါဝင်ရန် အခွင့်အလမ်းရှိရမည်၊

အမျိုးသမီးများ ရွေးကောက်ပွဲများတွင်မဲပေးပိုင်ခွင့်၊ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံပိုင်ခွင့်၊ အစိုးရအဖွဲ့အတွင်းပါဝင်ပိုင်ခွင့်၊ နိုင်ငံရေးအရ စည်းရုံးပိုင်ခွင့်အပါအဝင် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများရှိရမည် ဖြစ်သည်။

– ဒီမိုကရေစီနိုင်ငံများတွင် လူမှုလူ့အဖွဲ့အစည်းများသည် အမျိုးသမီးများအား မည်သို့မဲပေးရမည်၊ နိုင်ငံရေးစည်းရုံးလှုံ့ဆော်မှုနည်းလမ်းများနှင့် ဥပဒေရေးရာကိစ္စရပ်များ လေ့ကျင့်သင်ကြားပေးရေးကို ဦးဆောင်သည်၊

– လူမှုလူ့အဖွဲ့အစည်းအတွင်းနှင့် အစိုးရအဖွဲ့အတွင်းရှိ အဆင့်တိုင်းတွင် အမျိုးသမီးရေးလှုပ်ရှားမှုများက ဒီမိုကရေစီအားပိုမို တောင့်တင်းခိုင်မာစေသည်၊

အမျိုးသမီးနှင့် ကလေးများသည် အခြေခံပညာသင်ကြားပိုင်ခွင့်ရှိရမည်၊ ၄င်းတို့အား အဆင့်မြင့်ကျောင်းများနှင့် တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူခြင်း သင်ကြားပို့ချခြင်းများကို တားမြစ်ပိတ်ပင်ခြင်းမပြုသင့်ပေ။

စီးပွားရေးဆိုင်ရာပိုင်ဆိုင်မှုများကို ထိန်းသိမ်းပိုင်ခွင့်ကဲ့သို့သော စီးပွားရေးအခွင့်အရေးများပေးရမည်၊ လိင်မှုဆိုင်ရာ အနိုင်ကျင့်ခံရမှုအန္တရာယ်နှင့် နိုင့်ထက်စီးနင်းပြုကျင့်မှုအန္တရာယ်များမှ ကာကွယ်ပေးရမည်။ ထိုအခွင့်အရေးများတွင် အောက်ပါအချက်များပါဝင်သည်။

– အလုပ်အကိုင်အခွင့်အလမ်းနှင့် သတ်မှတ်ချက်များတွင် အမျိုးသားများနှင့် တန်းတူဖြစ်ရမည်၊

– ကိုယ်ဝန်ဆောင်ခြင်းနှင့် အိမ်ထောင်ပြုခြင်းတို့ကြောင့် အလုပ်ရပ်စဲခံရခြင်းမှ ကာကွယ်ပေးရမည်၊

– အမျိုးသမီးများကို ဝင်ငွေရရှိစေသည့် အသေးစားလုပ်ငန်းလေးများကူညီထူထောင်ပေးခြင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့် သင်ကြားပေးခြင်းများကဲ့သို့သောအစီအစဉ်များတွင် ပါဝင်ပိုင်ခွင့်ရှိရမည်၊

– လုပ်ငန်းခွင်အတွင်း လုပ်ခလစာတူညီစွာရခွင့်နှင့် တူညီစွာ ဆက်ဆံခံရခွင့်နှင့် လေးစားသမှုပြုခံရခြင်းများရှိရမည်၊

ဒီမိုကရေစီနိုင်ငံများအနေဖြင့် အမျိုးသမီးများနှင့် ကလေးများ၏ကျန်းမာရေးနှင့် ကောင်းကျိုးအတွက် အာမခံချက်ရှိစေရမည့်အပြင် အောက်ဖော်ပြပါအစီအစဉ်များတွင်လည်း တူညီစွာပါဝင်လှုပ်ရှားပိုင်ခွင့်ရှိစေရမည်။

– အထွေထွေကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့်၊ ရောဂါဝေဒနာ ကူးစက်ခံစားရခြင်းမှ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်၊ ကိုယ်ဝန်ဆောင်ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့်၊

– HIV/AIDS ရောဂါများမှ ကာကွယ်ပိုင်ခွင့်၊ ရောဂါကူးစက်ခံရသူများ၏ ကျန်းမာရေးတိုးတက်စောင့်ရှောက်ပိုင်ခွင့်နှင့် မိခင်မှကလေးသို့ ရောဂါကူးစက်မှုလျော့ချရေး၊

–အမျိုးသမီးနှင့် ကလေးများကို ပြည့်တန်ဆာအဖြစ် အတင်းအဓမ္မသွတ်သွင်းရန်ဆွဲဆောင်ခြင်းနှင့် အိမ်ဖော်အဖြစ်ရောက်ရှိစေရန် လှည့်ဖြား၍လုပ်ဆောင် ခြင်း၊ မသမာမှုပြုလုပ်ခြင်း၊ အတင်းအကျပ်ပြုခြင်းများမှ ကာကွယ်ပေးရေး၊

– အမျိုးသမီးများနှင့် ကလေးများအား ခေါင်းပုံဖြတ်မှုများ တခါတရံတွင် ဖြစ်ပွားစေသော လိင်မှုကိစ္စဦးစားပေးခရီးသွားလုပ်ငန်းများကိုတိုက်ဖျက်ရေး၊

– ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်ပြုခြင်းကြောင့် လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို မိသားစုများအား ပညာပေးခြင်း၊

– အိမ်တွင်းအနိုင်ကျင့်မှုများနှင့် မတရားပြုကျင့်ခံရသူများ အတွက်ကူညီပံ့ပိုးရေးဆိုင်ရာအဖွဲ့အစည်းများကို ထောက်ပံ့ရေး၊

– ရဲတပ်ဖွဲ့ဝင်များ၊ ရှေ့နေများ၊ တရားသူကြီးများနှင့် ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များအား အိမ်တွင်းအနိုင်ကျင့်မှုများလျော့ကျရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်း၊

အပိုင်း ၁၉

## အပေးအယူလုပ်ညှိနှိုင်း ပေါင်းအုပ်ချုပ်မှု

လူ့အဖွဲ့အစည်းတိုင်းတွင် ပြည်သူပြည်သားများအတွက် အရေးကြီးသောကိစ္စရပ်များအပေါ် မတူညီသောအမြင်များရှိသည့် လူအုပ်စုများအမြဲရှိသည်။ လွတ်လပ်သောဒီမိုကရေစီက ဤကဲ့သို့သောမတူညီကွဲပြားမှုအား နိုင်ငံအတွက်အကျိုးရှိသည်ဆိုသည်ကို အသိအမှတ်ပြုသည်၊ ထို့ကြောင့် မတူညီသောအမြင်များထုတ်ဖော်ပြသမှုနှင့် သည်းခံမှုကို အားပေးသည်။

နိုင်ငံရေးသမားများနှင့် အစိုးရဝန်ထမ်းများက ရှုပ်ထွေးလှသည့် ကိစ္စရပ်များသည် အမှန်အမှားကို ရှင်းရှင်းလင်းလင်းနှင့် ပြသနိုင်ခြင်းသည် ရှားပါးလှသည့်အခြေအနေဖြစ်သည်၊ ဒီမိုကရေစီအခြေခံစည်းမျဉ်းများနှင့် လူမှုရေးအရဦးစားပေးမှုများကို အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ကွဲလွဲသည်ကို ကောင်းကောင်းနားလည်ပါက အောင်မြင်သောဒီမိုကရက်တစ်အစိုးရတရပ်ဖြစ်ထွန်းလာပေမည်။

လွတ်လပ်စွာစုရုံးစည်းဝေးခွင့်နှင့် သတင်းလွတ်လပ်ခွင့်များက ပွင့်လင်းသောအခြေအတင်ဆွေးနွေးမှုများနှင့် အယူအဆ များဖလှယ်နိုင်ရေးအတွက် ဦးတည်ဖြစ်ထွန်းစေသည်၊ ထိုပွင့်လင်းမှုက အစိုးရအား ပြဿနာများကို အတိအလင်းသတ်မှတ်စေသည့်အပြင် အစုအဖွဲ့များကိုလည်း ဆွေးနွေးမှုများပြုစေခြင်းနှင့် ကွဲလွဲမှုများကိုလည်း ဖြေရှင်းနိုင်စေသည်။

အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများသည် အကြောင်းကိစ္စရပ်များအကြား မည်မျှသဘောထားကွဲလွဲကြစေကာမူ တူညီသောသဘောထားအမြင်ရှိကြသည့်ကိစ္စရပ်များတွင် ညှိနှိုင်းပေါင်းပြုလေ့ရှိသည်။ အရေးကြီးသောကိစ္စရပ်

**တဖက်သို့**

# ကုလလူ့အခွင့်အရေးကိုယ်စားလှယ်များတောင်းဆိုချက် နအဖ စစ်အုပ်စုပယ်ချ

**NEJ | ဂျွန် ၁၉ ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှုတွင် လွတ်လပ်ပြီးတရားမျှတမှုရှိရန် ယခုလ ၁၆ ရက်နေ့စွဲဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် ၅ ဦးရဲ့ ကြေညာချက်ထုတ်ပြန်တောင်းဆိုမှုကို မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့က ပယ်ချလိုက်ပါတယ်။

ထိုသို့ပယ်ချကြောင်းကြေညာချက်ကို ယနေ့ထုတ်စစ်အစိုးရသတင်းစာတွေမှာ ဖော်ပြထားပါတယ်။ အဆိုပါကြေညာချက်တွင် မြန်မာစစ်အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အမှုအပေါ် အပြည့်ပြည့်ဆိုင်ရာစံနှုန်းများ၊ ပြည်တွင်းဥပဒေများနှင့်အညီ စစ်ဆေးဆောင်ရွက်နေတယ်လို့ ဦးစွာဖော်ပြထားပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် ၅ ဦးကိုလည်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ၅ ဦးဆိုသူများကဟု ကြေညာချက်တွင်သုံးစွဲခေါ်ဝေါ်ထားပြီး ၎င်းတို့အနေဖြင့် မှားယွင်းတဲ့တိုက်တွန်းချက်ကို ပြုလုပ်ခဲ့တာဖြစ်တယ်လို့ ဆက်လက်ဖော်ပြထားပါတယ်။

ထို့နောက် မြန်မာစစ်အစိုးရက အမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ပေးခြင်း၊ အမေရိကန်ကောင်စစ်ဝန်နှင့် ဒေသခံဝန်ထမ်းတဦးတို့ကို တရားရုံးဖွင့်လှစ်သည့်ရက်တိုင်း တက်ရောက်ခွင့်ပြုခြင်း၊ အမိကစစ်ဆေးမှုများပြုလုပ်မည့်ရက်များတွင် လေ့လာသူများ၊ သံတမန်နှင့်သတင်းထောက်များအား တက်ရောက်ခွင့်ပြုထားသဖြင့် ပွင့်လင်းမှုရှိသည့် တရားစီရင်ရေးဖြစ်တယ်လို့လည်း ဆိုထားပါတယ်။

အခုလို တရားဥပဒေနှင့်အညီဆောင်ရွက်နေခြင်းကို လူ့အခွင့်အရေးအကြောင်းပြု၍ နိုင်ငံရေးအရ အသုံးချလာမှုကိုလက်မခံပယ်ချကြောင်း မြန်မာစစ်အစိုးရထုတ်သတင်းစာများမှာ ဖော်ပြပါရှိပါတယ်။ ထိုသို့ စစ်အစိုးရထုတ် နေ့စဉ်သတင်းစာများပါ မြန်မာနိုင်ငံလူ့အခွင့်ရေးအဖွဲ့နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအတွင်းရေးမှူး ဦးအေးသာအောင်က ယင်းအဖွဲ့သည် လူသိရှင်ကြားမရှိဟု ထောက်ပြပြောဆိုပါတယ်။

"ပထမဆုံးပြောချင်တာက မြန်မာလူ့အခွင့်အရေးအဖွဲ့ဆိုတာ ဘယ်လိုအဖွဲ့လဲ၊ ဘယ်တုန်းကဘယ်သူတွေနဲ့ဖွဲ့စည်းထားသလဲ၊ လူထုကသိမှာမဟုတ်ဘူး။ တရားဥပဒေတွေနဲ့အညီ ဆောင်ရွက်နေပါတယ်ဆိုတဲ့ကိစ္စကတော့ ဥပဒေအကြောင်း လုံးဝနားမလည်တဲ့ လူတယောက်အတွေးနဲ့ တွေးကြည့်ရင်တောင်သိပါတယ်။ နေအိမ်အကျယ်ချုပ်ချထားတဲ့အိမ်ထဲ လူဝင်တဲ့ကိစ္စမှာ လုံခြုံရေးယူထားတဲ့လူတွေက ဘာတာဝန်မှမခံဘဲ နေအိမ်ထဲနေတဲ့သူကို တရားစွဲနေတာ ဥပဒေနဲ့ညီပါ့မလား။"

နောက်ပြီး တရားရုံးမှာလေ့လာသူတွေ၊ သံတမန်တွေ၊ သတင်းထောက်တွေကို လေ့လာခွင့်ပြုတယ်ဆိုပြီး ရေးထားတယ်။ တကယ်တမ်းက သံတမန်နဲ့သတင်းထောက်တွေကို သူတို့ကအပြုသဘောမျိုးနဲ့သာ ၂ ရက်ဝင်ခွင့်ပေးခဲ့တာဘဲ။ လေ့လာသူဆိုတာဘယ်သူတွေလဲ၊ တခြားဘယ်သူတွေကို လေ့လာခွင့်ပြုလို့လဲ၊ အဲန်ကယ်လ်တို့လည်း လေ့လာချင်တာဘဲ။ ဝင်ခွင့်မရဘူးလေ။ အပြင် အင်းစိန်ဈေးရှေ့က ထိုင်စောင့်ခဲ့ရတာဘဲ။" လို့ဦးအေးသာအောင်က ပြောဆိုသွားပါတယ်။

မြန်မာစစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အား ရှေ့နေများနှင့်ချေပခွင့်ပြုထားတယ်ဆိုသော်လည်း ဒေါ်အောင်ဆန်းစုကြည်တရားရုံးတွင် ထွက်ဆိုချက်မပေးမီအထိ သူမ၏ရှေ့နေများနှင့် တွေ့ဆုံခွင့်မပြုခဲ့သည်မှာ တရားဥပဒေနှင့်မညီဟုလည်း ဦးအေးသာအောင်ကပြောကြားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အမှုစစ်ဆေးရာတွင် လွတ်လပ်ပွင့်လင်း၍ အများပြည်သူ တက်ရောက်နားထောင်နိုင်သော တရားခွင်ဖြစ်ရန် အဲန်အဲယ်လ်ဒီဘက်မှ တောင်းဆိုခဲ့ပါတယ်။

---

များတွင် အစိုးရသည် သူ၏လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် အပေးအယူအလျှော့အတင်းပြုကာ အများလက်ခံနိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရေးကို လုပ်ဆောင်သည်။

ဒီမိုကရေစီနိုင်ငံများရှိ ဥပဒေပြုလွှတ်တော်များသည် ဥပဒေများ ပြဌာန်းနိုင်ရေးအတွက် ညွန့်ပေါင်းဖွဲ့မှုကို အားပြုရလေ့ရှိသည်။

– ပါလီမန်စနစ်တွင် နိုင်ငံရေးအုပ်စုများသည် ၎င်းတို့အလေးပေး ဆောင်ရွက်လိုသောကိစ္စရပ်များကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြားအုပ်စုများနှင့် မဟာမိတ်ပြုကြသည်။

– သမတစနစ်တွင် လွှတ်တော်အမတ်များသည် တခါတရံတွင် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏မဲဆန္ဒရှင်များအလေးထားသည့်ကိစ္စရပ်များအတွက် ပါတီ၏ရပ်တည်ချက်ဘောင်ကိုကျော်လွန်ကာ လုပ်ကိုင်လေ့ရှိသည်။

– ညွန့်ပေါင်းပြုမှုရာတွင် တခါတရံ၌ နိုင်ငံရေးပါတီတရပ်သည် ၎င်းတို့လုပ်ဆောင်လိုသောကိစ္စ၏ အရေးပါသောအစိတ်အပိုင်း အောင်မြင်မှုရရန် အခြားအုပ်စုများနှင့်ကွဲလွဲမှုများကို ပစ်ပယ်ရသည့်အခါမျိုးလည်းရှိသည်။

– ညွန့်ပေါင်းအစိုးရများသည် ပါတီများမှ ဆန့်ကျင်ဘက်အမြင်များကို ကိုယ်စားပြုကာ ဖွဲ့စည်းထားသည့်အတွက် အစိုးရပြိုကွဲသွားနိုင်သည့်အလားအလာရှိသည်။ အချို့သောဒီမိုကရေစီနိုင်ငံများတွင် အာဏာရညွန့်ပေါင်းအစိုးရများသည် ကြိမ်ဖန်များစွာ ဖျက်သိမ်းလေ့ရှိသည်။ တခါတရံတွင် တနှစ်တည်း၌ပင် အကြိမ်ကြိမ်ဖြစ်တတ်သည်။

**ဆက်လက်ဖော်ပြပါမည်**

---

# အမြင့်တက်သမားတဦးမြန်မာ့အရေးဆန္ဒပြ

**VOA | ဂျွန် ၁၉ ။ ။** ဗြိတိန်နိုင်ငံသား အမြင့်တက်သမားတဦးဟာ လန်ဒန်မြို့ က Lioyd's of London အာမခံကုမ္ပဏီကြီးရှိတဲ့ အဆောက်အဦကိုတွယ်တက် ပြီး "Leave Burma" "မြန်မာနိုင်ငံက ထွက်" လို့ အဓိပ္ပာယ်ရတဲ့ စာတမ်းကြီးကို ချိတ်ဆွဲခဲ့ပါတယ်။

အထပ် ၁၄ ထပ်ရှိပြီး အမြင့်ပေ ၁၉၀ နီးပါးရှိတဲ့ အဆောက်အဦကြီးကို ကြိုးမပါ ထောက်ကူပြုပစ္စည်းမပါဘဲ အနောက်တိုင်းဝတ်စုံအပြည့် ဟန်ကျကျဝတ်ဆင်ပြီး တွယ်တက်ခဲ့သူကတော့ အသက် ၄၇ နှစ်အရွယ် Mike Rpbertson ပါ။ ဘာ့ကြောင့်အခုလိုလုပ်တယ်ဆိုတာကို သူကပြောပြရာမှာ... "Lioyd's ကုမ္ပဏီဟာ မြန်မာလူထုအပေါ်မှာ တာဝန်ရှိတာမို့ ကျနော်ဒါကို ရိုးရိုးလေးလုပ်တာပါ။ ဒီ့အပြင် ဒီကနေ့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့လည်းဖြစ်နေတဲ့အခါကျတော့ နောက်ထပ်အကြောင်းရင်းတခု ဖြစ်သွားတာပေါ့ဗျာ။"

ဗြိတိန်နိုင်ငံမှာ အထပ်မြင့်အဆောက်အဦတွေ အများကြီးရှိတဲ့ထဲကမှ ဘာ့ကြောင့် Lioyd's ကုမ္ပဏီရှိတဲ့ ဒီအဆောက်အဦကိုမှ ရွေးရတာပါလဲ။ Mike ရဲ့အဖြေကတော့ ဒီအဆောက်အဦထဲမှာ မြန်မာစစ်အစိုးရနဲ့ ငွေကြေးပတ်သက်တာတွေ အများကြီးရှိနေလို့ပါတဲ့။

"အဲဒီ Lioyd's ကုမ္ပဏီရှိတဲ့အဆောက်အဦထဲမှာ မြန်မာဗိုလ်ချုပ်ကြီးတွေနဲ့ ဘဏ္ဍာငွေကြေးကိစ္စ ဆက်ဆံတာတွေအများကြီးရှိနေပါတယ်။ သူတို့က အရေးမကြီးသယောင် လျှော့ပြီးပြောနေပေမယ့် ငွေကြေးကိစ္စတွေမှာ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ပတ်သက်နေကြတာပါ။ ဒီ ဗြိတိန်မှာက အမေရိကန်နဲ့မတူဘဲ ဘဏ္ဍာငွေစီးဆင်းမှုဆိုင်ရာ ပိတ်ဆို့အရေးယူတာတွေ မရှိဘူးလေ။ အာမခံတွေ ရောင်းခွင့်ပြုထားပြီး မြန်မာစစ်အစိုးရရဲ့ လေကြောင်းလိုင်းတွေနဲ့ သင်္ဘောလုပ်ငန်းတွေကို အထောက်အပံ့ပြုနေပါတယ်။"

Lioyd's ကုမ္ပဏီဟာ အာခမံကုမ္ပဏီကြီးဖြစ်ပြီး မြန်မာနိုင်ငံက လေကြောင်းလိုင်းတွေ၊ သင်္ဘောလုပ်ငန်းတွေကို အာမခံထားတဲ့နေရာမှာ ပတ်သက်လုပ်ဆောင်ပေးနေတဲ့အတွက် မြန်မာ့အရေးလှုပ်ရှားသူတွေက ဝေဖန်တိုက်ခိုက်တာကို ခံနေရတဲ့ကုမ္ပဏီပါ။ အခုလို တက်ခဲ့တဲ့အတွက် Mike ကို လန်ဒန်ရဲကဖမ်းဆီးပြီး အေးချမ်းမှုကိုနှောင့်ယှက်ဖျက်ဆီးမှု၊ ခွင့်ပြုချက်မရဘဲ ပိုင်နက်ကျူးကျော်မှုနဲ့ စွဲချက်တင်ထားပြီး အမှုရင်ဆိုင်နေရပါတယ်။

# ဘန်ကီမွန်းခရီးစဉ် မြန်မာ့နိုင်ငံရေးပြဿနာအတွက် အထောက်အကူဖြစ်နိုင်ဖွယ်ရှိ

**VOA၊ ဂျွန် ၁၈။ ။** မကြာခင် မြန်မာနိုင်ငံသွားရောက်ဖို့ရှိနေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon ရဲ့ခရီးစဉ်ဟာ မြန်မာနိုင်ငံက မပြေလည်နိုင်သေးတဲ့ နိုင်ငံရေးပြဿနာတွေအတွက် အထောက်အကူဖြစ်စေလိမ့်မယ်လို့ မျှော်လင့်ကြောင်း အတိုက်အခံနိုင်ငံရေးအင်အားစုတွေက ပြောပါတယ်။

ဒါပေမယ့်လည်း ဒီလိုအကျိုးရလဒ်တွေ ထွက်ပေါ်နိုင်မယ့် ခရီးစဉ်ဖြစ်ဖို့အတွက်ကတော့ တရားစွဲဆိုခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာစစ်အစိုးရခေါင်းဆောင်တွေအပါအဝင် သက်ဆိုင်သူအားလုံးနဲ့ ကျယ်ကျယ်ပြန့်ပြန့်တွေ့ဆုံမှုဖြစ်မယ်လို့လည်း ယုံကြည်ထားကြပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-moon မကြာခင် မြန်မာနိုင်ငံသွားမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်လာတာနဲ့အမျှ ဒီခရီးစဉ်ကနေ မြန်မာနိုင်ငံက နိုင်ငံရေးပြဿနာတွေအတွက် တစုံတရာအထောက်အကူဖြစ်လာလေမလား မြန်မာ့နိုင်ငံရေးအသိုင်းအဝိုင်းက မျှော်လင့်နေကြတာပါ။

မြန်မာနိုင်ငံက အဓိကအတိုက်အခံ နိုင်ငံရေးပါတီကြီးတခုဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုကော်မတီဝင်တဦးဖြစ်တဲ့ ဦးခင်မောင်ဆွေကတော့ မြန်မာ့နိုင်ငံရေးအကျပ်အတည်းတွေနဲ့ပတ်သက်လို့ ဆွေးနွေးပြောဆိုဖို့ ကမ္ဘာ့အကြီးအကဲတယောက် မြန်မာနိုင်ငံကိုလာမယ်ဆိုတာဟာ ကြိုဆိုစရာ၊ မျှော်လင့်စရာလို့ ဆိုပါတယ်။

"အရင့်အရင်ကလာခဲ့တဲ့ ကုလသမဂ္ဂ Special Envoy တွေလာတဲ့အခါမှာတော့ ဘာမှထူးထူးခြားခြား ပြန်ဖြစ်သွားတာတော့မတွေ့ရပါဘူး။ အဲဒီလိုအခြေအနေမျိုး ဖြစ်မယ်ဆိုရင်တော့ မကောင်းဘူးပေါ့ဗျာ။ အခုနေအခါ မြန်မာ့နိုင်ငံရေးမှာ အင်မတန်သိမ်မွေ့ပြီး အင်မတန်အရေးကြီးတဲ့ကာလကို ရောက်နေတာဖြစ်ပါတယ်။ လမ်းဆုံလမ်းခွကိုရောက်နေသလို ဖြစ်နေပါတယ်။ ကျနော်တို့ကတော့ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ နိုင်ငံတကာကလာပြီးတော့ ထိထိရောက်ရောက် ပါဝင်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအပါအဝင် မြန်မာ့နိုင်ငံရေးပြေလည်ဖို့ ဖြေရှင်းပေးမယ်ဆိုရင် ကျနော်တို့အနေနဲ့တော့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှာဘဲဖြစ်ပါတယ်။"

ဒီလိုဘဲ တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်တဦးဖြစ်တဲ့ ဦးအေးသာအောင်ကလည်း အတွင်းရေးမှူးချုပ်ရဲ့ခရီးစဉ်က မြန်မာ့နိုင်ငံရေးတိုးတက်ဖို့အတွက် အထောက်အကူဖြစ်စေနိုင်ပေမယ့်လို့ ပြဿနာတွေပြေလည်စေဖို့က တခုတည်းကို အားကိုးလို့မရနိုင်ဘူးလို့လည်း ယူဆထားတာပါ။

"Ban Ki-moon ကိုယ်တိုင်လာတာကတော့ ဘယ်လိုဘဲဖြစ်ဖြစ် မြန်မာပြည်ရဲ့အကျပ်အတည်းဖြစ်နေတဲ့ နိုင်ငံရေးပြဿနာတွေကို ထဲထဲဝင်ဝင် အတိုင်းအတာတစုံတခုအထိ သိသွားနိုင်တယ်။ ဒီက တွေ့သင့်တွေ့ထိုက်တဲ့လူတွေနဲ့ တွေ့ပြီးတော့ ဆွေးနွေးနိုင်တယ်ဆိုရင်တော့ ဒါ ကုလသမဂ္ဂအနေနဲ့လည်း ရှေ့ကိုဆက်လုပ်နိုင်မယ့် အတိုင်းအတာတွေကို စဉ်းစားသုံးသပ်လို့ ရလိမ့်မယ်လို့ထင်ပါတယ်။ ဒါပေမယ့် Ban Ki-moon လာရုံနဲ့ဘဲဖြစ်ဖြစ်၊ ကုလသမဂ္ဂကဝင်ပြီးတော့ ဆောင်ရွက်ရုံနဲ့ဘဲဖြစ်ဖြစ် မြန်မာနိုင်ငံရဲ့နိုင်ငံရေးပြဿနာကို ပြီးပြည့်စုံတဲ့ဖြေရှင်းမှုတခု ရမယ်လို့တော့ အဲန်ကယ့်အနေနဲ့ မယုံသလို မြန်မာပြည်မှာရှိတဲ့ နိုင်ငံရေးသမား တော်တော်များများကလည်း ဒီလိုတော့ယုံကြည်မှု မရှိပါဘူး။"

ဒီလိုမျှော်လင့်ချက်တွေရှိနေတဲ့ တချိန်တည်းမှာ ဒီခရီးစဉ်ကနေ မယ်မယ်ရရအကျိုးရလဒ်ထွက်ပေါ်မလာမှာကိုလည်း အတွင်းရေးမှူးချုပ်ကိုယ်တိုင်က စိုးရိမ်မကင်းဖြစ်တာတွေ ရှိနေတယ်ဆိုပြီး သံတမန်အသိုင်းအဝန်းကို ကိုးကားပြီး သတင်းတွေကဖော်ပြနေကြပါတယ်။ NLD ဗဟိုကော်မတီဝင် ဦးခင်မောင်ဆွေရဲ့သဘောထားကတော့

"သူ့ရဲ့အရင်တုန်းက ထုတ်ပြန်ထားတဲ့ကြေညာချက်တွေအရဆိုရင် ခိုင်ခိုင်မာမာအဆောက်အအုံရှိရှိနဲ့ ဖြစ်ထွန်းနိုင်မယ့် ရလဒ်မျိုးရဖို့လိုတယ်။ ရမှသာလျှင် သူလာချင်တယ်လို့ပြောထားတာ ကျနော်မှတ်မိနေပါတယ်။ အဲဒီတော့ အခုလာမယ့်ကိစ္စကလည်း အဲလိုရလဒ်မျိုးတွေကို မျှော်လင့်ချက်ရှိလို့သာ လာတယ်လို့တွက်ဆလို့ရပါတယ်။ ပြီးတော့ သူတောင်းဆိုထားတဲ့ သူပြောထားတဲ့ အချက်အလက်တွေကို ဖြစ်ပယ်ပြီးတော့ လာလိမ့်မယ်လို့ကျနော်မထင်ပါဘူး။ အဲဒီတောင်းဆိုချက်တွေကို လိုလားချက်တွေကို အထိုက်အလျောက် ယုံကြည်လောက်တဲ့ အတိုင်းအတာအထိ သူရရှိထားလို့လာတာ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ဘဲ ဖြေရမှာဖြစ်ပါတယ်။"

တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်တဦးဖြစ်တဲ့ ဦးအေးသာအောင်ကလည်း မြန်မာနိုင်ငံကို အတွင်းရေးမှူးချုပ်လာမယ့်ခရီးစဉ်ဟာ အနှစ်သာရရှိတဲ့ ခရီးစဉ်တခုဖြစ်ဖို့ဆိုရင် နိုင်ငံရေးအသိုင်းအဝန်းမှာ ပါဝင်ပတ်သက်နေသူတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်တွေ့မှုဖြစ်မယ်လို့ ယူဆကြောင်းပြောပါတယ်။

"အာဏာပိုင်တွေနဲ့တွေ့ဖို့ကတော့ အမြင့်ဆုံးအာဏာပိုင်တွေနဲ့တွေ့ရမယ်။ ပြီးတော့ NLD အဖွဲ့ချုပ် အဖွဲ့ဝင်တွေနဲ့တွေ့ရမယ်။ တခြား ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ တိုင်းရင်းသားပါတီတွေရယ်၊ ဒီမိုကရေစီအင်အားစုတွေကို တွေ့သင့်တယ်လို့ ကျနော့အနေနဲ့မြင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်းတွေ့သင့်တယ်၊ အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲက ထင်ရှားတဲ့ပုဂ္ဂိုလ်များနဲ့လည်း တွေ့သင့်တယ်။ ပြီးတော့ အရင့်အရင်တုန်းက ကုလသမဂ္ဂကိုယ်စားလှယ်တွေ နောက်ပိုင်းလာတဲ့အခါမှာ တိုင်းရင်းသားရွေးကောက်ပွဲအနိုင်ရပါတီတွေနဲ့ တွေ့တာဆုံတာတွေမရှိခဲ့ဘူး။ Ban Ki-moon ကိုယ်တိုင်လာတဲ့အခါတော့ တိုင်းရင်းသားနိုင်ငံရေးပါတီတွေနဲ့လည်း ပြည့်ပြည့်စုံစုံအချိန်ပေးပြီးတော့ တွေ့ဆုံသင့်တယ်လို့ ကျနော့အနေနဲ့သုံးသပ်ပါတယ်။"

အစောပိုင်းမှာတုန်းကတော့ အတွင်းရေးမှူးချုပ်က ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးအောင် မြန်မာစစ်အစိုးရကိုတိုက်တွန်းဖို့ သူ့အနေနဲ့မြန်မာပြည်ကို သွားလိုတယ်ဆိုပြီး ပြောဆိုထားတာပါ။ ဒါကိုလည်း မြန်မာစစ်အစိုးရဘက်က သဘောတူထားပြီးဖြစ်တယ်လို့လည်း ပြောဆိုထားပါတယ်။ ခရီးစဉ်ဟာ ရှေ့လ ဇူလိုင်လဆန်းပိုင်းလောက်ဖြစ်လိမ့်မယ်လို့ သတင်းတွေထွက်ပေါ်နေပေမယ့် သွားမယ့်ရက်ကိုတော့ တရားဝင်တိတိကျကျ ပြောတာမျိုးမရှိသေးပါဘူး။

---

**မျက်နှာဖုံးမှ**

ဖို့၊ သူ့အဖွဲ့သားတွေအားလုံးလွတ်မြောက်ဖို့ပေါ့" လို့ ဆန္ဒပြုပါတယ်။ ပဲခူးတိုင်း ဇီးကုန်းမြို့ခံတဦးကလည်း ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံးပြန်လွှတ်ပါစေလို့ ဆုတောင်းတဲ့ကြောင်း ပြောပါတယ်။ "သူ အမြန်ဆုံးလွတ်မြောက်ပြီး ကျန်းကျန်းမာမာနဲ့ပဲ တွေ့ချင်တယ်။ သမီးတို့မနက်ဖြန် ဘုရားကိုတက်ပြီး ဘုရားမှာ ဆုတောင်းပေးမယ်၊ အလှူဒါနလုပ်ပေးမယ်။ သူ အင်းစိန်ထောင်ထဲရောက်နေတာ သမီးတို့ အရမ်းစိတ်မကောင်းဖြစ်မိတယ်။ မတရားခံရတာ အကုန်လုံးက သိသိကြီးနဲ့ ငြိမ်နေရတယ်။ အဲ့ဒီအတွက် အရမ်းခံပြင်းတယ်။"

နေအိမ်အကျယ်ချုပ်ချ တားဆီးမိန့်ကနေ လွတ်မြောက်ကာနီးမှာမှ သူရဲ့နေအိမ်ကို အမေရိကန်နိုင်ငံသားတဦး ရေကူးဝင်ရောက်မှုနဲ့ပတ်သက်လို့ အမှုရင်ဆိုင်နေရတဲ့ အခြေအနေကနေ အမြန်ဆုံးပြန်လွှတ်စေချင်တယ်လို့ ရန်ကုန်မြို့က စာနယ်ဇင်းသမားတဦးက ပြောပါတယ်။

"ဒီအမှုကနေ အမြန်လွှတ်ပါစေ။ ထောင်လည်း မကျပါစေနဲ့။ နောက်ထပ်လည်း အသက်ရှည်ရှည် ကျန်းကျန်းမာမာနဲ့ ဒို့ထက်ပိုပြီးတော့ မြန်မာပြည် ဒီမိုကရေစီရေးအတွက် စွမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းပေးချင်တယ်။ လူတယောက်ရဲ့ မွေးနေ့မှာ အမှတ်တရတခုခုတော့ ဖြစ်စေချင်တာပဲ။"

သူ့ ၆၄ နှစ် မွေးနေ့မှာ ကံကောင်းထောက်မပြီး အစိုးရကလည်း နိုင်ငံတကာရဲ့ဖိအားတွေကို နားလည်ပြီး သူ့ကို အကျယ်ချုပ်က လွှတ်ပြီးတဲ့အပြင် အခုအမှုကလည်း အရေးယူတာမျိုးမလုပ်ဘဲနဲ့ ၂၀၁၀ အတွက် ပြင်ဆင်ခွင့်၊ လွတ်လပ်စွာ လုပ်ကိုင်ခွင့်တွေကိုပါ ရနိုင်ရင်တော့ ပိုကောင်းတယ်။"

☆☆☆☆☆

# သတင်းပြက္ခဒိန်

2009

ဂျွန် ၁၇၊ **VOA** ။ ။ ၆၄ နှစ်ပြည့်မည့် ဒေါ်အောင်ဆန်းစုကြည်လွတ်ပေးရန် နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀၀ ကျော်တို့မှ ယနေ့ကြေညာချက်တရပ် ထုတ်ပြန်၏။

ဂျွန် ၁၇၊ **XXNA** ။ ။ နအဖ ဒုဥက္ကဋ္ဌ ဗိုလ်မောင်အေး တရုတ်ပြည်ကွမ်တုန်သို့ အလည်ရောက်ရှိ၏။

ဂျွန် ၁၇၊ **DVB** ။ ။ ကုလအအတွင်းရေးမှူးချုပ် Ban Ki-moon အား မြန်မာသို့ ဂျူလိုင်လတွင်းလာရန် နအဖမှ ဖိတ်ကြားထားဟုဆို၏။ ကုလမှမတုန့်ပြန်သေးဟု Ban Ki-moon ရုံးမှဆို၏။

ဂျွန် ၁၇၊ **ကတိပါရွာသစ်** ။ ။ UNICEF သည် သုံးရေ သောက်ရေသန့်ပေး ပိုက်လိုင်းသစ်များ နာဂစ်မုန်တိုင်းထိဒေတွင် ပြန်လည်ဆက်သွယ်နေကြောင်း။

ဂျွန် ၁၇၊ **VOA** ။ ။ ဒေါ်စုသည် တရားရုံးတွင် ဥပဒေအရ ရပိုင်ခွင့်များချိုးဖောက်ခံနေရသည်ဟု ကုလလူ့အခွင့်အရေးကောင်စီ ကိုယ်စားလှယ်များမှဆို၏။

ဂျွန် ၁၇၊ **NYT** ။ ။ ခေတ်စေတီပြိုကျခြင်းသည် ဒေါ်ကြိုင်ကြိုင်မှ မထိုက်မတန် ကမကထပြုခြင်း၊ နအဖပြုတ်ကျရန် နိမိတ်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အပေါ် မတရားအမှုဆင်ခြင်းတို့နှင့် တိုက်ဆိုင်နေသည်ဟု ပြည်သူများမှ ယုံကြည်နေကြကြောင်း။

ဂျွန် ၁၈၊ **Irawaddy** ။ ။ မိမိသည် မြန်မာသို့လာရန် ဒေါ်အောင်ဆန်းစုကြည်အား နအဖမှအရင်လွတ်ပေးမှသာ သင့်လျော်မည်ဟု အတွင်းရေးမှူးချုပ်ဘန်ကီမွန်းမှဆို၏။

ဂျွန် ၁၈၊ **Mizzima** ။ ။ စစ်တပ်သို့အဝမ္မအသွင်းခံခဲ့ရသူ လူငယ်သုံးဦး အိမ်သို့ပြန်လာရေးအတွက် မိဘများမှ မိမိအားအမှုအပ်ထားကြောင်း ရှေ့နေဦးမြင့်အေးမှဆို၏။

ဂျွန် ၁၈၊ **RGN-AP** ။ ။ နအဖသည် အတွင်းရေးမှူးချုပ်ဘန်ကီမွန်း ရှေ့လမြန်မာသို့ ခရီးစဉ်လာရေးအတွက် အသင့်ဖြစ်ကြောင်း အမည်မဖော် အာရှသံတမန်တဦးမှဆို၏။

ဂျွန် ၁၈၊ **EPNR ဥရောပပါလီမန်တင်း** ။ ။ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် Free Aung San Suu Kyi Now စာတမ်းကြီးများနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ပုံများကို Brussels မြို့ရှိ ဥရောပပါလီမံအဆောက်အအုံများတွင် ဂျွန် ၁၈ နှင့် ၁၉ တို့တွင် ချိတ်ဆွဲထားမည်ဖြစ်ကြောင်း။

ဂျွန် ၁၈၊ **LDN** ။ ။ Llyod အာမခံရုံးချုပ်တိုက်ထိပ်တက်၍–မြန်မာနှင့်ဆက်စပ်၍အာမခံမှုရပ်ဆိုင်းပါ–ဆိုင်းဘုတ်ချိတ်သူ Mike Robertson (၂၀၀၇ တွင် အီဖဲလ်မျှော်စင်တက်သူ) အား ရဲမှဖမ်းခဲ့၏။

ဂျွန် ၁၈၊ **Mae Sot** ။ ။ ကေအင်ယူသည် နအဖနှင့်ဒီကေဘီအေတပ် တိုက်ခိုက်မှုကြောင့် စစ်စခန်းသုံးခုကို စွန့်လွှတ်၍ ပြောက်ကျားစနစ်သုံးမည်ဟု ကေအင်ယူမှဆို၏။

ဂျွန် ၁၈၊ **RFA** ။ ။ နာဂစ်မုန်တိုင်းဒေသ ကျန်းမာရေး၊ ပညာရေး ပြန်လည်ထူထောင်ရေး ပြည်ပစေတနာ့ဝန်ထမ်း၊ အင်ဂျီအိုများအား နအဖမှ ဗီဇာသက်တမ်း တိုးမပေးတော့ကြောင်း။

ဂျွန် ၁၈၊ **VOA** ။ ။ မကြာခင် မြန်မာသို့သွားမည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Ban Ki-moon ခရီးစဉ်သည် မြန်မာနိုင်ငံ၏မပြေလည်နိုင်သော နိုင်ငံရေးပြဿနာများအတွက် အထောက်အကူဖြစ်မည်ဟုမျှော်လင့်ကြောင်း အတိုက်အခံနိုင်ငံရေးအင်အားစုများမှဆို၏။

ဂျွန် ၁၈၊ **LDN** ။ ။ နအဖအပေါ် ပိုမိုတင်းကျပ်သည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးပိတ်ဆို့မှုလုပ်ကာ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်မှုကိုပြုသင့်ကြောင်း ဗြိတိန်မှဆို၏။

ဂျွန် ၁၈၊ **WTN** ။ ။ ဒေါ်အောင်ဆန်းစုကြည်အားလွတ်ပေးရန် အမေရိကန်လွှတ်တော်ပြောရေးဆိုခွင့်အရာရှိ Nancy Pelosi မှ ထုတ်ပြန်တောင်းဆို၏။

ဂျွန် ၁၈၊ **LDN-AFP** ။ ။ Burma VJ ရုပ်ရှင်ပွဲ (မြန်မာဒီမိုကရေစီရေးလှုပ်ရှားမှုနှင့် စစ်အာဏာရှင်စနစ်လူ့အခွင့်အရေးဖောက်ဖျက်မှုများ တိတ်တခိုးစုပေါင်းဗွီဒီယိုသတင်းတိုပေါင်းချုပ်)ကို ဗြိတိန်ဝန်ကြီးချုပ်ကတော် Sarah Brown မှ ထူးခြားစွာဖွင့်လှစ်၏။

ဂျွန် ၁၉၊ **BRUSSELS** ။ ။ ဥရောပသမဂ္ဂသည် မြန်မာအပေါ် ပိတ်ပင်မှုပိုမိုတင်းကျပ်ရန် ယနေ့ ဂျွန် ၁၉ ရက်တွင် သဘောတူလိုက်၏။

ဂျွန် ၁၉၊ **TOKYO** ။ ။ Ban Ki-moon သည် ယခုလကုန် ဂျပန်ခရီးစဉ်အပြီး မြန်မာသို့ဝင်မည့်သတင်း မကြားမိသေးဟု ဂျပန်သံတမန်တဦးမှဆို၏။

ဂျွန် ၁၉၊ **BKK** ။ ။ ကမ္ဘာ့နိုင်ငံကျော်များစွာအနက်၊ ဘီးတာလ်စ်မှ ပေါလ်မကတ်တနီနှင့် ယိုကိုအိုနို (ဂျွန်လဲနာန်၏ဇနီး) တို့မှ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့တွင် 64 for Aung San Suu Kyi တွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်၍ မြန်မာကို ဒီမိုကရေစီသို့ ပြန်ပို့မည့် အစိုးရဖွဲ့ အုပ်ချုပ်နိုင်ရန် မေတ္တာပို့ ရေးသားခဲ့၏။

ဂျွန် ၁၉၊ **LDN-AFP** ။ ။ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့တွင် သူမယောက်ျားနှင့်ညီအကိုတော်သူ Anthony Aris မှ လန်ဒန်သံရုံးဆန္ဒပြ နအဖသံရုံးရှေ့တွင် ဒေါ်အောင်ဆန်းစုကြည် ပန်လေ့ရှိသောပန်း Bougainvillea အား လာပို့၍ သူမထံ လေကြောင်းဖြင့်ပို့ပေးရန် သံရုံးသို့တောင်းဆိုခဲ့၏။

ဂျွန် ၁၉၊ **RGN-AP** ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏မွေးနေ့ ယနေ့အင်းစိန်ထောင်သို့ မိတ်ဆွေများနှင့် NLD မှလာပို့သော ဒန်ပေါက်ထမင်းနှင့် ကိတ်မုန့်များဖြင့် ကျင်းပကာ အကျဉ်းထောင်စောင့်များသို့လည်း ကျွေးမွေးခဲ့ကြောင်း။

ဂျွန် ၁၉၊ **VOB** ။ ။ မြန်မာ့အရေးကူညီနေသူ ဂျပန်လွှတ်တော်အမတ်များသမဂ္ဂမှ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆု ပေးအပ်လိုက်ကြောင်း။

ဂျွန် ၁၉၊ **AP** ။ ။ ကမ္ဘာတလွှား ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးလှုပ်ရှားသူမှုများ သူမ၏မွေးနေ့ယနေ့ဂျွန် ၁၉ ရက်တွင်ကျင်းပရာ အင်တာနက်ဝက်ဆိုက်၊ တွစ်တာ၊ ဖေ့စ်ဘွတ်ခ်များမကျန် မြန်မာနှင့် ကမ္ဘာ့ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများ၊ မွေးနေ့တူသူများ၊ ကမ္ဘာ့ခေါင်းဆောင်များ မှ ပြန့်နှံ့စွာလှုပ်ရှားနေ၏။

ဂျွန် ၁၉၊ **Bloomberg** ။ ။ အမေရိကန် နိုင်ငံခြားရေးဌာနမှ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့တွင် သူမလွတ်ရန် ဆုမွန်ကောင်း တောင်းလိုက်ကြောင်း။

ဂျွန် ၁၉၊ **AsiaTribune** ။ ။ အမေရိကန် သမတကတော် Michelle Ob ama သည် လော်ရာဘုရှ်ကဲ့သို့ မိမိအရှိန်ကို ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် အသုံးပြုလှုပ်ရှားသင့်ကြောင်း စာရေးသူ Nehginpao Kipgen မှ သတင်းဝေဖန်တိုက်တွန်း၏။

ဂျွန် ၁၉၊ **Irrawaddy** ။ ။ ကာတွန်း ဦးဖေသိန်း (၈၆) ယနေ့ နေအိမ်တွင် ကွယ်လွန်ခဲ့ကြောင်း။ သူ၏ကာတွန်းများ ၈၈ နောက်ပိုင်း အပိတ်ခံခဲ့ရကြောင်း။

ဂျွန် ၁၉၊ **DVB** ။ ။ အင်းစိန်ထောင်တွင်း နိုင်ငံရေးအကျဉ်းသား ၂၀ ဦး ခန့်တိုက်ပိတ်ခံနေရကြောင်း ထောင်ဝင်စာတွေ့ မိသားစုဝင်များမှ ဆို၏။

ဂျွန် ၁၉၊ **Mizzima** ။ ။ စက်တင်ဘာလအတွင်း ဒေါ်အောင်ဆန်းစုကြည်အိမ်အနီးရှိခဲ့သူ News Watch Journal မှ သတင်းထောက်ဇော်ထွန်း (၃၄) အား ဗဟန်းမြို့နယ် တရားရုံးမှ ထောင် ၂ နှစ်ချမှတ်၏။

ဂျွန် ၂၀၊ **RGN-Rtrs** ။ ။ စစ်ဖက်ဆိုင်ရာပုဂ္ဂိုလ်များအား ရဟန်းများမှ သပိတ်မှောက်နေခြင်း (ပတ္တနိက္ကုဇ္ဇနကံ ဆောင်နေခြင်း)အရှိန်တိုးမြင့်လာပြန်နေ၍ နအဖသည် ကြောက်လန့်နေကြောင်း။

# အီရန် အာဏာရှင်ရွေးကောက်ပွဲမှ မြန်မာတွေ ဘာအတုယူသင့်ပါသလဲ

**DVB၊ ဂျွန် ၁၆။ ။** အီရန်နိုင်ငံမှာ ပြီးခဲ့တဲ့အပတ်က ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ လက်ရှိ သမ္မတ မာမွတ် အမာဒီနီဂျက်က မဲအပြတ်အသတ်အနိုင်ရတယ်လို့ အာဏာပိုင်တွေက ကြေညာခဲ့ပါတယ်။

ဒီရလဒ်အပေါ် မကျေနပ်တဲ့ပြည်သူတွေက ချက်ချင်းဆိုသလို ပြီးခဲ့တဲ့ စနေနေ့က တီဟီရန်မြို့တော် လမ်းမတွေပေါ်မှာ စုရုံး ဆန္ဒပြကြပါတယ်။ အီရန်ပြည်သူတွေဟာ ဘာသာရေးအရ ပြင်းထန်ပြီးတင်းကျပ်တဲ့ ဥပဒေတွေနဲ့ အာဏာရှင်အစိုးရလက်အောက်မှာ နေထိုင်ရပေမယ့် သူတို့ ရွေးချယ်ခွင့်ရှိတဲ့ မဲရလဒ်အပေါ်မကျေနပ်တဲ့အခါ လမ်းမတွေပေါ်ထွက်ပြီး သူတို့ရဲ့ဆန္ဒတွေကို ထုတ်ဖော်ကြပါတယ်။ အီရန် ရဲအာဏာပိုင်တွေက ဆန္ဒပြသူ လူအုပ်ထဲကို ဆိုင်ကယ်တွေနဲ့မောင်းဝင်ရိုက်နှက်ပြီး လူစုခွဲရာမှာ ဆန္ဒပြလူထုနဲ့ အဓိကရုဏ်းဖြိုခွဲသူတွေကြား တိုက်ခိုက်မှုတွေ ပြင်းထန်နေတဲ့ သတင်းရုပ်ပုံလွှာတွေကို နိုင်ငံတကာ သတင်းမီဒီယာတွေမှာ တွေ့မြင်နေရပါတယ်။

နောက်ဆုံးထွက်ပေါ်လာတဲ့ အီရန်ရွေးကောက်ပွဲရလဒ်နဲ့ မကျေနပ်တဲ့ ပြည်သူလူထုရဲ့ဆန္ဒပြမှုနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) နိုင်ငံခြားရေးရာ တာဝန်ခံ ဦးညိုအုန်းမြင့်က အီရန်နိုင်ငံမှာ နိုင်ငံရေးသစ်အပြောင်းအလဲ လိုပြီဆိုတာကို ပြသလိုက်တာပဲ ပြောပါတယ်။

“ဒီအီရန်နိုင်ငံမှာ အာဏာရပြီး ပြန်အရွေးခံရတဲ့ လက်ရှိသမ္မတ မာမွတ်အမာဒီနီဂျက်ကနေပြီးတော့ပေါ့နော် ဒီအတိုက်အခံတွေဘက်ကနေပြီးတော့ ဆောင်ရွက်နိုင်တဲ့ ပြည်သူတွေတယောက်နဲ့တယောက်က ဒီမဲဆန္ဒနယ်ဟာ လွတ်လပ်ပြီး တရားမျှတမှုမရှိဘူးဆိုတာ ကျနော်တို့ ပြောနိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ တယ်လီဖုန်းတွေပိတ်ထားတယ်၊ အဆက်အသွယ်တွေ အကုန်ဖြတ်ထားတယ်။ နောက်တခါ ဒီဖက်က ပြုပြင်ရေးသမားတွေကို ဖမ်းဆီးထားတယ်ဆိုတဲ့အချက်က တဘက်သတ်ကျတဲ့အတွက် အထိကရုဏ်းအနေနဲ့ ပြည်သူလူထု အုံကြွမှုဖြစ်လာတယ်။”

အီရန်အဖြစ်အပျက်အရ ၂၀၁၀ မှာ ကျင်းပမယ့် နအဖ ရွေးကောက်ပွဲမှာလည်း မြန်မာပြည်သူတွေသာလျှင် မဲရွေးချယ်ခွင့် တကယ့်အာဏာရှိသူတွေဖြစ်တာကြောင့် နအဖအတွက် တုန်လှုပ်စရာအပြောင်းအလဲတွေ ဖြစ်လာနိုင်ကြောင်း ဦးညိုအုန်းမြင့်က ပြောပါတယ်။

“ရွေးကောက်ပွဲဆိုတာ ပြည်သူတွေကို ဆုံးဖြတ်ခွင့်ပေးတဲ့နေ့ပါပဲ။ အဲ့ဒီနေ့မှာ အာဏာရပါတီတွေကရော၊ အတိုက်အခံပါတီကရော အာဏာမရှိပါဘူး။ အာဏာရှိတာ ပြည်သူတွေပဲ။ ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်က ရွေးကောက်ပွဲကတဆင့်သွားရတဲ့အတွက် အဲ့ဒီအချိန်မှာ လက်ရှိအာဏာရှင်အများစုက ညစ်ပတ်လေ့ရှိတယ်။ အဲ့လိုညစ်ပတ်တဲ့အခါမှာ ပြည်သူတွေက ကိုယ့်မဲကို အလိမ်ခံရတာဟာ ကိုယ့်စော်ကားခံရတာနဲ့ အတူတူပဲ ဖြစ်တယ်။ “

“ဗမာပြည်မှာ တကယ်လို့ ၂၀၁၀ မှာ နအဖက ရွေးကောက်ပွဲကို အတင်းအကျပ်လုပ်မယ်ဆိုရင် အဲ့ဒီနေ့မှာရှိတဲ့ ပြည်သူတွေအနေနဲ့ ကိုယ်မဲဆန္ဒပေးရမယ့်ကိစ္စမှာ ဘယ်လိုပေးရမလဲ ဆိုတဲ့အချက်ကို အလိမ်မခံရဖို့ရယ်၊ အစော်ကားမခံရဖို့ရယ်ပဲဖြစ်ပါတယ်။ ဒါပေမယ့် နအဖဘက်က လိမ်လာမယ်ဆိုရင် အကျိုးဆက်အနေနဲ့ နိုင်ငံရေးတွေ အပြောင်းအလဲဖြစ်ပါတယ်။ နအဖ ဘက်ကနေ ဘယ်လိုပဲ တင်းကျပ်ထား၊ ပြည်သူတွေကို ဘယ်လိုပဲ ခြောက်လှန့်ထားပစေ၊ အဲ့ဒီနေ့ရဲ့ နောက်တနေ့က အမြဲတမ်းနိုင်ငံရေးအတွက်၊ လှုပ်ရှားမှုအတွက် အင်မတန်မှအာဏာရှင်တွေအတွက် စိတ်ပူစရာကောင်းတဲ့နေ့လည်းဖြစ်တယ်။ အဲ့ဒီအချိန်ကနေ စပြီးတော့ ပြောင်းလဲလေ့ရှိပါတယ်။”

# ဒေါ်စုနေအိမ်လွတ်လပ်စွာဝင်ထွက်ခွင့်ပြု

**NEJ၊ ဂျွန် ၁၆။ ။** နေအိမ်အကျယ်ချုပ်အမိန့် ရုပ်သိမ်းပြီးသော်လည်း အာဏာပိုင်များက ဆက်လက်ထိန်းသိမ်းထားခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ကို ပြီးခဲ့တဲ့စနေနေ့မှာ လွတ်လပ်စွာဝင်ထွက်ခွင့် ပြုလိုက်ပြီဖြစ်ကြောင်း ရှေ့နေကြီးဦးဉာဏ်ဝင်းကပြောပါတယ်။

“ကျနော်တို့နဲ့ အာဏာပိုင်တွေနဲ့ ပြီးခဲ့တဲ့သောကြာနေ့က တွေ့ခဲ့ကြပါတယ်။ အဲဒီမှာ သူတို့က တဦးနဲ့တဦးအထင်လွဲတာပါ။ ကျနော်တို့ကန့်သတ်ထားတာ တားဆီးထားတာမရှိပါဘူး။ နားလည်လွဲတာပါလို့ ပြောပါတယ်။ နောက်ရက်စနေနေ့မှာတော့ လွတ်လပ်စွာဝင်ထွက်ခွင့်ရခဲ့ပါတယ်။” လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။ ပြီးခဲ့တဲ့ မေ ၂၆ ရက်မှာ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်အမိန့်ရုပ်သိမ်းကြောင်း နအဖ ရဲချုပ်က အကြောင်းကြားခဲ့ပြီးတဲ့နောက် ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့နေအိမ်ရှင်းလင်းပေးရန် စေလွှတ်သူများ၏ နေအိမ်အဝင်အထွက်ကို အာဏာပိုင်များက မေးမြန်းစစ်ဆေးကန့်သတ်တားဆီးမှုများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ယင်းလုပ်ရပ်သည် ဥပဒေနှင့်မညီသည့် လုပ်ရပ်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ရှေ့နေများကိုပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကို အတားအဆီးမရှိ လွတ်လပ်ခွင့်ပေးလိုက်ပြီဖြစ်သော်လည်း နအဖစစ်အုပ်စုက အိမ်ရှင် ဒေါ်အောင်ဆန်းစုကြည်ကိုမူ နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုပုဒ်မ ၂၂ အမှုကြီးအမှတ် ၄၇/၂၀၀၉ နဲ့ တရားစွဲဆိုထားပြီး အင်းစိန်ထောင်အတွင်း ထိန်းသိမ်းထားဆဲဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ အဲန်အဲယ်လ်ဒီပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉ နှစ်ကျော်ကာလအတွင်း ၁၃ နှစ်ကျော်ကြာ နေအိမ်အကျယ်ချုပ်နဲ့ နေခဲ့ရပါတယ်။

# ရဲဝန်ထမ်းများအကြား မကျေနပ်မှုဖြစ်

**DVB၊ ဂျွန် ၁၇။ ။** မကွေးတိုင်း ရေနံချောင်းမြို့နယ်အတွင်းမှာ အထက်အရာရှိနဲ့အောက်ခြေအဆင့် ရဲဝန်ထမ်းတွေအကြား မကျေနပ်မှုတွေရှိနေတယ်လို့ မြို့ခံတချို့က ပြောပါတယ်။

မေလ ၂၇ ရက်နေ့ မနက် ၄ နာရီလောက်က ရေနံချောင်းမြို့နယ် မယကရုံးအနီးမှာ ဖမ်းမိတဲ့ ပိုင်ရှင်မဲ့ ရေနံစိမ်း ၃၆ အိတ်ကနေ ပြဿနာစခဲ့တာလို့ဆိုပါတယ်။ ရေနံချောင်းမြို့နယ် ခလရ ၇၇ ကနေ စွမ်းအင်ဝန်ကြီးဌာနကို ပြောင်းသွားတဲ့ ဗိုလ်ကြီးအောင်ဇံထိုက်ကြောင့် ဒီပြဿနာ စတင်ခဲ့တာလို့ဆိုပါတယ်။ ကားသမားတွေ ဆီကရော၊ ရေနံခိုးထုတ်သူဆီကပါ ငွေရနေတဲ့ ဗိုလ်ကြီးအောင်ဇံထိုက်ဟာ ရေနံချောင်းမြို့ကို အလည်တခေါက်ပြန်ရောက်လာပြီး လုပ်ရိုးလုပ်စဉ်အတိုင်း ရေနံစိမ်းခိုးထုတ်သူတွေကို ဖမ်းဆီးငွေညှစ်ခဲ့တာလို့ မြို့ခံတွေက ပြောပါတယ်။

ဖမ်းဆီးမိထားတဲ့ ရေနံစိမ်းအိတ်တွေကို ကျပ်ငွေ ၂ သိန်းနဲ့ အလဲအလှယ်လုပ်ဖို့ တောင်းယူခဲ့ပြီး အချင်းချင်းညှိလို့ အဆင်မပြေတာကြောင့် ရေနံစိမ်းအိတ်ပိုင်ရှင်နဲ့ ဗိုလ်ကြီးအောင်ဇံထိုက်တို့ စကားများခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဗိုလ်ကြီးအောင်ဇံထိုက်က ရဲစခန်းကိုတိုင်ကြားခဲ့ရာမှာ ရေနံစိမ်းအိတ်ပိုင်ရှင်က ရဲမလာခင် ထွက်ပြေးသွားတယ်လို့ဆိုပါတယ်။ ဒီသတင်းကြောင့် ဒီလ ၆ ရက်နေ့က မကွေးခရိုင် ဒုရဲမှူး သူရသွင်ကိုကိုနဲ့အဖွဲ့ ရေနံချောင်းကိုရောက်လာပြီး ရဲဝန်ထမ်းတွေအတွင်း ပူးပေါင်းဆောင်ရွက်မှု ရှိမရှိ အခြေအနေကို လာရောက်စစ်ဆေးခဲ့ပါတယ်။

ဒါကို အခွင့်ကောင်းယူပြီး ခရိုင်ရဲမှူးကြီးက မြို့နယ်ရဲဝန်ထမ်းတွေကို ငွေညှစ်ပြန်တယ်လို့ ဆိုပါတယ်၊ ခရိုင်ရဲမှူးကြီးကို ကျပ် ၈ သိန်းနီးပါး လာဘ်ထိုးရတာကြောင့် တချို့ရဲဝန်ထမ်းတွေက မကျေမနပ် ဖြစ်နေကြတာလို့သိရပါတယ်။ မြန်မာ့ရေနံလုပ်ငန်းက အရာရှိအတွင်းမှာလည်း နေရာ အပြောင်းအရွှေ့တွေ လုပ်နေတယ်လို့ ရေနံချောင်းမြို့ခံတချို့က ပြောပါတယ်။

# သတင်းတိုထွာဖတ်စရာက

ကျော်စံကွေး



## ဘုန်းကြီးသပိတ်

နအဖစစ်အာဏာရှင်တွေကို သံဃာတော်များက ပတ္တနိက္ကုဇ္ဇန ကံဆောင်မှုတွေ တဖြည်းဖြည်းနဲ့တိုးတက်များပြားလာနေတယ်လို့ သိရပါတယ်။ ဒါကြောင့် အာဏာရှင်စစ်အာဏာပိုင်ထိပ်သီးများသည်လည်း စိုးရိမ်ကြောင့် ကြမှုများတိုးတက်လာနေတယ်လို့ သိရပါတယ်။ **(REUTERS, 20.6.2009)**

## ကလေးစစ်သားအဝမ္ပသုံးနေဆဲ

မြန်မာစစ်အာဏာပိုင်တွေက နိုင်ငံတွင်းမှာ ကလေးစစ်သားပပျောက်ရေးအတွက် လုပ်ဆောင်နေပါတယ်လို့ ပြောပေမဲ့လည်း ပဲခူးမှ ရှေ့နေဦးအေးမြင့်က သူဟာ စစ်တပ်ထဲကနေ ပြန်ထွက်လာတဲ့ ကလေးစစ်သားတွေကို အကူအညီပေးနေတယ်လို့ဆိုပါတယ်။ သူက အိုင်အဲလ်အိုကို ဒီကိစ္စနဲ့ပတ်သက်ပြီး အသိပေးကန့်ကွက်စာတင်ထားပြီးပြီလို့ပြောပါတယ်။ **(IRRAWADDY, 17.6.2009)**

## သံဃာများကို ထောက်ခံစာမပေး

သာသနာရေးဝန်ကြီးဌာနဟာ သံဃာတော်များ နိုင်ငံခြားသွားဖို့အတွက် ထောက်ခံစာထုတ်ပေးတာတွေကို ရပ်ဆိုင်းထားတယ်လို့သိရပါတယ်။ အခု လောလောဆယ်မှာ ထောက်ခံစာထုတ်ပေးဖို့ငြင်းဆိုခံထားရတဲ့သံဃာတော်တွေ ရန်ကုန်မြို့မှာ အတော်များတယ်လို့ သိရပါတယ်။ အဲဒီအထဲက ငယ်ရွယ် တဲ့သံဃာတော်အများစုဟာ အိန္ဒိယနဲ့ သီရိလင်္ကာမှာ ပညာဆက်လက်ဆည်း ပူးဖို့အတွက် သွားဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်၊ **(IRRAWADDY, 15.6.2009)**

## ရေနံပိုက်လိုင်းတည်ဆောက်ရေး

တရုတ်နဲ့ နအဖတို့ကြားမှာ ရေနံပိုက်လိုင်းတည်ဆောက်ရေးအတွက် သဘောတူစာချုပ်တခုကိုချုပ်ဆိုလိုက်တယ်လို့ သိရပါတယ်။ တရုတ်ဘက်က ဆောက်လုပ်ရေးလုပ်ငန်းတွေကို တည်ဆောက်နိုင်တော့မှာဖြစ်ပြီး ပြီးစီးသွားတဲ့အခါ တနှစ်ကို ရေနံစိမ်း တန်ချိန် ၂၂ သန်းသယ်ပို့ပေးနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ **(INTERFAX, 19.6.2009)**

## အဆိုတော်များ သီချင်းဆိုရန် ထောက်ခံစာလို

မြန်မာနိုင်ငံက ဂီတအနုပညာရှင်တွေ ပြည်ပမှာ ဖျော်ဖြေပွဲအတွက် ဂီတအစည်းအရုံးရဲ့ ထောက်ခံချက်လိုတယ်လို့ဆိုပါတယ်။ ဘယ်နိုင်ငံသွားပြီး ဖျော်ဖြေမယ်၊ ဘယ်လိုပွဲဖျော်ဖြေမယ်၊ ဘယ်သူတွေပါတယ်စသဖြင့် ဂီတအစည်းအရုံးကို သတင်းပို့သွားရတာပါ။ ထောက်ခံချက်ရဖို့ ဂီတအစည်းအရုံးမှာသက်ဆိုင်ရာအနုပညာရှင်က ကတိဝန်ခံချက်ထိုးရတယ်လို့ဆိုပါတယ်။**(DVB, 19.6.2009)**

## မြန်မာပြည်လွတ်မြောက်ရေးဂီတဖျော်ဖြေပွဲ

ထိုင်ဝမ်မှာရှိတဲ့ အနုပညာသည်တွေက မြန်မာပြည်လွတ်မြောက်ရေးဂီတဖျော် ဖြေပွဲကို ထိုင်ပေမှာ ဇွန်လ ၁၉ ရက်နေ့မှာပြုလုပ်ပါတယ်၊ အရင်နှစ်တွေက ခန်းမကြီးတခုမှာ ပြုလုပ်နေခဲ့ပေမဲ့လည်း အခုနှစ်မှာတော့ ပြည်သူအများ အခမဲ့လွတ်လပ်စွာနဲ့ကြည့်ရှုအားပေးနိုင်ဖို့ ကွင်းပြင်ကြီးတခုမှာကျင်းပပါတယ်။ မြန်မာ့ဒီမိုကရေစီရေး ထောက်ခံအားပေးတဲ့လှုပ်ရှားမှုကိုလုပ်နေတဲ့ အုပ်စုအဖွဲ့ ၁၀၀ ကျော်က စုပေါင်းပါဝင်လုပ်ကိုင်ကြပါတယ်။ **(Taipei Times, 18.6.2009)**

## အီးယူအရှိန်မြှင့်ပြီ

မြန်မာစစ်အာဏာပိုင်တွေက ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နိုင်ငံရေးအတိုက်အခံများကို နှိပ်ကွပ်ဆက်ဆံပြုမှုမှုများကြောင့် ပြစ်ဒဏ်ခတ်အရေးယူမှုများကို တိုးမြှင့်ပြုလုပ်ရန် သဘောတူညီလိုက်ကြတယ်လို့ သိရပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက အယောင်ဆောင်တရားစီရင်ခြင်းကို ရပ်ဆိုင်းရန်နှင့်ခြွင်းချက်မရှိ ချက်ချင်းပြန်လွတ်ပေးရန်အာဏာပိုင်များကို တောင်းဆိုလိုက်ပါတယ်။ **(REUTERS, 19.6.2009)**

## ဒေါ်စုကိုထောက်ခံကြောင်းပြောရန်အစီအစဉ်မရှိ

ထိုင်ဝမ်ပြည်ပကုန်သွယ်မှုတိုးမြှင့်ရေးကောင်စီဟာ မြန်မာပြည်က ကုန်သည်ကြီးများအသင်းနဲ့ ကုန်သွယ်မှုဆိုင်ရာနားလည်မှုသဘောတူစာချုပ်ချုပ်ဆိုခဲ့တယ်လို့ သိရပါတယ်။ မြန်မာပြည်တွင်ဖြစ်ပျက်နေတဲ့ လက်ရှိအခြေအနေပေါ်မှာ ထိုင်ဝမ်အနေနဲ့အသံတိတ်မနေသင့်ဘူးလို့ မကြာသေးခင်က နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာသဘောတူညီချက် ၂ ခုကို သမတ မာယင်ကျိုးက လက်မှတ်ရေးထိုးခဲ့ပါတယ်။ သမတရုံးရဲ့ပြောရေးဆိုခွင့်ရှိသူက ဒေါ်စုကို ထောက်ခံကြောင်းပြောဖို့ အစီအစဉ်မရှိဘူးလို့ဆိုပါတယ်။ **(TAIPEI TIMES, 20.6.2009)**

## ပါမစ်မရှိလို့တဲ့

ဒေါ်စုမွေးနေ့ပွဲကို ခွင့်ပြုချက်မရပဲ ပန်းခြံတခုမှာကျင်းပလို့ဆိုပြီး မလေးရှားရဲတွေက မြန်မာဒုက္ခသည်တချို့နဲ့ မလေးရှားအတိုက်အခံပါတီဝင်တချို့ကို ထိန်းသိမ်းလိုက်တယ်လို့သိရပါတယ်။ မလေးအာဏာပိုင်တွေက ဒေါ်စုမွေးနေ့ပွဲကို လူတွေစုရုံးတက်ရောက်လာမှာစိုးတဲ့အတွက် ရဲတပ်ဖွဲ့ဝင်တွေတိုးချဲ့ချထားပြီး တားဆီးပိတ်ပင်တဲ့သဘောမျိုးလုပ်ခဲ့ပါတယ်။ **(THE MALAYSIAN INSIDER, 20.6.2009)**

## ကာတွန်းဖေသိန်းကွယ်လွန်

မြန်မာပြည်ရဲ့ထင်ရှားကျော်ကြားလှတဲ့ ကာတွန်းဆရာကြီး ဦးဖေသိန်းဟာ ဇွန်လ ၁၉ ရက်နေ့က နေအိမ်မှာ ကွယ်လွန်သွားတယ်လို့သိရပါတယ်။ အသက် ၈၆ နှစ်အရွယ်ကာတွန်းဆရာကြီးဟာ အမှန်တရားဘက်က ရပ်တည်တဲ့သူလို့ အသိအမှတ်ပြုခံရတဲ့သူပါ။ ၁၉၈၈ ခုနှစ်က သူရေးဆွဲခဲ့တဲ့ကာတွန်းကို အာဏာပိုင်တွေက လူထုအုံကြွမှုကို ထောက်ခံအားပေးခဲ့တယ်ဆိုပြီး သူ့ရဲ့ လက်ရာတွေကို နှစ်အတော်ကြာ ပိတ်ပင်ခဲ့ပါတယ်။ **(IRRAWADDY, 19.6.2009)**

# ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ကြံ့ခိုင်ရေးက စာဝေ

**DVB | ဂျွန် ၁၆ ။ ။** မကွေးတိုင်း တောင်တွင်းကြီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းက ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး စာတွေကို ဖြန့်ဝေခဲ့တယ်လို့ မြို့ခံတချို့က ပြောပါတယ်။

တောင်တွင်းကြီးမြို့ မောင်းတိုင် ၁ ရပ်ကွက်မှာ ကြံ့ခိုင်ရေးက မနေ့ညက စာဝေခဲ့ပြီး ဒီကိစ္စကို ရယကအဖွဲ့ဝင်တဦး ပြောပြလို့ သိရတဲ့အကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တောင်တွင်းကြီးမြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင် ကိုကျော်နိုင်က ပြောပါတယ်။

"ကြံ့ဖွံ့က ဇော်ဇော်အောင် ခေါင်းဆောင်တဲ့အဖွဲ့က ခိုးကြောင်ခိုးဝှက် ရပ်ကွက်တွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပါဆိုတဲ့ စာရွက်တွေ ရပ်ကွက်တွေထဲမှာ လိုက်ဝေတာ။ သူတို့ဝေတဲ့ရည်ရွယ်ချက်ကို လူတွေက သိတယ်။ ဒေါ်စုကိုလွှတ်ပါလို့ သူတို့က ဝေပြီးတော့ ကျနော်တို့ကို ပြဿနာရှာဖို့ လုပ်တဲ့သဘောပဲ။ ရယက အဖွဲ့ဝင်တယောက်က ကျနော်တို့ကို ပြန်ပြောပြတယ်။ ဒီကောင်တွေ ဝေပြီးတော့ မင်းတို့ကို ပြဿနာရှာမယ့် ပုံစံမျိုးလုပ်တာလို့ သတိပေးတယ်။"

ခုလို ဒေါ်အောင်ဆန်းစုကြည် ချက်ချင်းလွှတ်လို့ ရေးထားတဲ့ စာတွေကို ကြံ့ခိုင်ရေးအသင်းကဖြန့်ဝေမှုနဲ့ပတ်သက်လို့ ကိုကျော်နိုင်က သူ့အမြင်ကိုလည်း ပြောပါတယ်။

"ကောင်းပါတယ်။ ကျနော်တို့က သိပ်ပြီး အဆိုးမမြင်ဘူး။ သူတို့ ဒီလို လုပ်ခြင်းအားဖြင့် လူတရာကို ဖြန့်ဝေဖြစ်သွားတယ်ဆိုရင် အဲဒီတရာအတွက် ကျနော်တို့ ဝေရမယ့်တာဝန် လျော့သွားတယ်။ ကျနော်တို့ဝေရင် လူတွေ ဘယ်လိုမြင်မလဲ ဆိုတာ ကျနော်တို့ သဘောပေါက်ပြီးသား။ သူတို့ ဝေတယ်ဆိုရင်လည်း ဘာကြောင့် ဝေတယ်ဆိုတာ လူတွေကသိတယ်၊ ဒီလိုလုပ်ပြီး ကျနော်တို့ကို ပြဿနာရှာ ဦးမယ်ဆိုတာ လူတွေအကုန်သိတယ်။ ကျနော်တို့ လုပ်လို့မရလို့သူတို့ လုပ်လိုက်တဲ့အတွက် ကျေးဇူးတော့တင်တယ်။"

ဒီကိစ္စနဲ့ပတ်သက်လို့ တောင်တွင်းကြီးမြို့နယ် ကြံ့ခိုင်ရေးအသင်း တွဲဘက်အတွင်းရေးမှူး ဦးကြည်သိန်းက ပြောပါတယ်။

"အဲဒီကသတင်းက မှားပါတယ်။ ကျနော်တို့ အသင်းဘက်က ဝေတယ်လို့လည်း မကြားပါဘူး။ NLD က ဝေတယ်လို့လည်း မကြားပါဘူး၊ ကျနော်တို့ အသင်းဘက်က ပြန်ပြီးတော့ ဖမ်းမယ် ဘာညာပုံစံမျိုးလည်းမကြားပါဘူး။ အဲလို လုပ်လည်း မလုပ်ပါဘူး။"

စာဝေမှုကို အဓိက ဦးဆောင်တယ်ဆိုတဲ့ ကြံ့ခိုင်ရေးအသင်း အလုပ်မှုဆောင်အဖွဲ့ဝင် ကိုဇော်ဇော်အောင်ရဲ့နေအိမ်ကို ဆက်သွယ်ရာမှာ ကိုဇော်ဇော်အောင်မရှိဘူးလို့ ဖြေဆိုပါပြီး တောင်တွင်းကြီးမြို့နယ်ရဲစခန်းကို မေးမြန်းရာမှာ သူတို့ ဘာမှမသိဘူးလို့ပဲ ဖြေပါတယ်။ ပြီးခဲ့တဲ့အပတ် တနင်္လာနေ့က စာသင်ကျောင်းနံရံတွေနဲ့ ရယကရုံးမှာ ရပ်ထားတဲ့ မီးသတ်ကားတွေမှာ ၂၂ ဂဏန်းအပေါ် ကြက်ခြေခတ်ပုံ စပရေးဖြန်းမှုတွေ ဖြစ်ပွားခဲ့တယ်လို့ မြို့ခံတချို့က ပြောပါတယ်။ ဒါဟာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုစွဲထားတဲ့ နေအိမ်အကျယ်ချုပ်ချ တားဆီးမိန့် ဖောက်ဖျက်မှု ပုဒ်မ ၂၂ ကို အလိုမရှိဆိုတဲ့ အဓိပ္ပါယ်သက်ရောက်တယ်လို့လည်း မြို့ခံတွေက ပြောပါတယ်။

# ရန်ကုန်မှာ လုံခြုံရေး အထူးတင်းကျပ်

**DVB | ဂျွန် ၁၆ ။ ။** လွန်ခဲ့တဲ့အပတ်က စက်ဘ်ာပူဝန်ကြီးချုပ်ဟောင်း ဂိုချောက်တောင် အပါအဝင် ဒီရက်ပိုင်းမှာလည်း သီရိလင်္ကာသမ္မတ ခရီးစဉ်တွေ ရှိနေတာကြောင့် အရင်က လုံခြုံရေးအစီအစဉ်တွေထက် ထပ်မံ တင်းကျပ်ထားတယ်လို့ သိရပါတယ်။

လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားတဲ့ လုံထိန်းတပ်ဖွဲ့အပြင် ဝတ်စုံပြည့်အရန်မီးသတ်တွေကို တင်ဆောင်ထားတဲ့ကားတွေ ရန်ကုန်မြို့အနှံ့လှည့်ပတ်နေပုံကို ရန်ကုန်မြို့ခံ တဦးက ပြောပြပါတယ်။

"ဒီမှာကြည့်ရတဲ့ အနေအထားက စစ်မြေပြင်လို ဖြစ်နေပုံရတယ်၊ မနေ့ကလည်း ဒီအတိုင်းပဲ။ မနက်က စီဒိုးနားဟိုတယ်ထဲ စစ်တပ်တွေလာတယ်။ အစည်းအဝေးလုပ်နေတဲ့ ပုံစံမျိုးရှိတယ်၊ လူတော်တော်များတယ်၊ ကား ၁၀ စီး၊ ၁၅ စီးလောက်နဲ့ လှည့်ပတ်ပြီး ရပ်လိုက် သွားလိုက် အင်အားပြနေတာပေ့ါဗျာ။"

ပြည်ပဧည့်သည်တွေ လာလာ မလာလာ ရန်ကုန်မြို့ရဲ့ လုံခြုံရေးကို အချိန်ပြည့်တင်းကျပ်ထားတာဟာ ဒီမိုကရေစီအရေး လူထုဆန္ဒဖော်ထုတ်မှုတွေ ဖြစ်မလာအောင် ခြောက်လှန့်ထားတဲ့သဘောမျိုးပဲလို့ အဲဒီမြို့ခံကပဲ ပြောပါတယ်။

"ဆန္ဒပြမယ့်သူတွေ မပြနဲ့၊ ငါတို့ အင်အားတွေရှိတယ်၊ ဖမ်းမယ်ဆီးမယ်ဆိုတဲ့ပုံစံမျိုး။ တော်တော်များများတော့ မကျေနပ်ကြဘူး။ ကလေး၊ လူကြီး နားလည်တဲ့လူဆိုရင် သိပ်မကျေနပ်ကြဘူး။ အနေးနဲ့အမြန်တော့ လုပ်တော့ လုပ်ချင်ကြတာပဲ။ ဒါပေမယ့် အခွင့်မသာဘူး။ တချို့ကျတော့လည်း ဖမ်းတာ ဆီးတာကိုမခံနိုင်ဘူး။ အဲ့လို လူမျိုးကလည်းရှိတာကိုး။ အင်္ကျီလေးတွေ ဝတ်မယ်၊ ဒီရက်ကြားကြားနေတယ်၊ နယ်တွေမှာ အဝါရောင် အင်္ကျီလေးတွေဝတ်မယ်၊ ဘုရားကိုတက်မယ်၊ ဆုတောင်းမယ်၊ ဓာတ်ပုံဝေမယ်။ ဒါမျိုးလည်း သူတို့ လက်မခံဘူးလေ၊ အဲ့လိုဆိုတော့ နည်းနည်းပါးပါး လမ်းဘေးချရွေးတာတို့ ဘာရော ညာရော လုပ်လို့မရအောင် လုံခြုံရေးတော့ အများကြီးချထားတာပေ့ါဗျာ။"

ရန်ကုန်မြို့ နေရာတော်တော်များများမှာ အခုလိုလုံခြုံရေး တင်းကျပ်ထားပေမယ့် အင်းစိန်အကျဉ်းထောင်အတွင်းကို ရောက်ရှိနေတဲ့ မြန်မာ့ဒီမိုကရေစီရေး ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ရှေ့မှာ အရင်ရှိနေတဲ့ လုံခြုံရေး မရှိတော့ဘူးဆိုပါတယ်။

# တောင်တွင်းကြီးတွင်ဝမ်းရောဂါဖြစ်များ

**DVB | ဂျွန် ၁၆ ။ ။** မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်မှာ ကာလဝမ်းရောဂါဖြစ်ပွားနေတာကြောင့် သေဆုံးသူအချို့နဲ့ ရောဂါကူးစက်ခံနေရသူတွေ ရှိနေပါတယ်။ ဒီရောဂါဟာ ဒီလ ၈ ရက်နေ့ကစပြီး တောင်တွင်းကြီးမြို့နယ်မှာ ဖြစ်ပွားနေတာပါ။

ဒီလိုဖြစ်ပွားနေတာ အခုဆိုရင် ကလေးငယ် ၃ ဦး သေဆုံးခဲ့ပြီဖြစ်ပြီး လူ ၃၀ ကျော် ကာလဝမ်းရောဂါ ကူးစက်ခံနေရပါတယ်။ ဝမ်းပျက်ဝမ်းလျှောတွေဖြစ်နေတာကြောင့် မကွေးမြို့ ဆေးရုံကြီးမှာ ကာလဝမ်းရောဂါပိုးဟုတ်မဟုတ် ဓာတ်ခွဲစစ်ဆေးခဲ့ရာ ကာလဝမ်းရောဂါအဆင့် ရောက်နေတာတွေ့ရတယ်လို့ မကွေးဆေးရုံကြီးနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

"ဒီတောင်တွင်းကြီးက ခရိုင်ဆေးရုံတွေမှာ စစ်တဲ့စက်တွေမရှိတော့ စစ်လို့မရဘူး၊ အဲ့ကြောင့် မကွေးကိုပို့တာ၊ ကလေး ၁ နှစ်သား ၃ ယောက်သေတယ်။ လူကြီးမပါသေးဘူး။ ရောဂါဖြစ်တာ တောင်တွင်းကြီး မြို့နယ်မှာ စာရင်းအရ လူ ၃၂ ယောက်ပဲရှိသေးတယ်တဲ့။"

တောင်တွင်းကြီးမြို့နယ်မှာ ကာလဝမ်းရောဂါ ကူးစက်ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး တောင်တွင်းကြီးဆေးရုံးကြီးကို ဆက်သွယ်မေးမြန်းရာ တာဝန်ကျဝန်ထမ်းတဦးက ရောဂါကူးစက်ခံရသူတွေရှိပေမယ့် ဆေးရုံပေါ်မှာ သေဆုံးသူမရှိသေးဘူးလို့ပြောပါတယ်။ တောင်းတွင်းကြီးမြို့ခံတဦးကလည်း အနီးပတ်ဝန်းကျင်မှာ ကလေးငယ်အချို့ ရောဂါကူးစက်ခံနေရတာကို ပြောပါတယ်။

"ကျောင်းမှာတော့ ကလေးတယောက် ဝမ်းရောဂါနဲ့ ဆေးရုံတက်ရတယ်လို့တော့ကြားတယ်။ သေတယ်လို့လည်း ကြားတယ်။ တလောတုန်းက သေတဲ့အလောင်းတွေ ပြန်ဖော်မယ်လို့ ကြားပေမယ့် အတိအကျတော့ မသိဘူး။"

တောင်တွင်းကြီးမြို့ မြောက်ဘက်ရှိ ရွှေအိုးရပ်ကွက် အနောက်ပိုင်းက ကျေးရွာတွေမှာ အဖြစ်များတာလို့လည်း သူကပြောပါတယ်။ ခုလို ဝမ်းရောဂါဖြစ်ပွားတာ သရက်သီးပေါ်ချိန်မို့ ယင်ပေါက်ဖွားမှုများနေပြီး မသန့်ရှင်းတဲ့ သောက်သုံးရေတွေနဲ့ အစားအစာတွေကို စားသုံးတာကြောင့် လို့လည်း တောင်တွင်းကြီး ဒေသခံတချို့က ပြောပါတယ်။ လောလောဆယ်မှာ ကာလဝမ်းရောဂါကိုထိန်းချုပ်နိုင်ဖို့ သက်ဆိုင်ရာ ကျန်းမာရေးဌာနတွေက ဆောင်ရွက်တာမျိုး တခုမှမရှိဘူးလို့လည်း ဒေသခံတွေက ပြောပါတယ်။

# ဗိုလ်ချုပ်မြ အုတ်ဂူရှိတဲ့ရွာကို နအဖနှင့်ဒီကေဘီအေ ပူးပေါင်းစတင်တိုက်ခိုက်

**DVB। ဇွန် ၁၇॥ ॥** နအဖနဲ့ ဒီကေဘီအေ (ခေါ်) တိုးတက်သောကရင်ဗုဒ္ဓဘာသာအဖွဲ့တို့ ပူးပေါင်းတပ်ဖွဲ့ဝင်တွေက ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌဟောင်း ဗိုလ်ချုပ်မြအုတ်ဂူရှိရာ စခန်းကို ဒီနေ့လယ်မှာ စတင်တိုက်ခိုက်ပါတယ်။

နအဖတပ်နဲ့ ဒီကေဘီအေ ပူးပေါင်းတပ်အင်အား ခန့်မှန်းခြေ ၂၀၀ ကျော်က ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအန်အယ်လ်အေ) တပ်မဟာ ၇ လက်အောက်ခံ တပ်ရင်း ၂၀၂ စခန်း (ခေါ်) မုအေးပူစခန်းကို ဒီနေ့မွန်းတည့်ကစပြီး တိုက်နေတာပါ။ ဒီတိုက်ပွဲ အခြေအနေနဲ့ပတ်သက်ပြီး တိုက်ပွဲနားက ကေအန်အယ်အေ အရာခံဗိုလ်တယောက်က အခုလို ပြောပါတယ်။

“နေ့လည် ၁၂ လောက်ကတည်းကစပစ်တာ ဒီအချိန်အထိ။ မုအေးပူတပ်ရင်း ၂၀၂ စခန်းကို ဗမာနဲ့ ဒီကေဘီအေပေါင်းပြီး တက်သိမ်းတယ်။ ရွာနဲ့ မနီးမဝေးကုန်းပေါ်မှာတက်ပြီး တိုက်ပွဲအခြေနေကို စောင့်နားထောင်နေရတယ်။ လက်နက်ကြီးလက်နက်ငယ် တပြိုင်တည်းပစ်နေတော့ အသံတော့ မျိုးစုံကြားနေရတယ်။ ရှေ့တန်းမှာ လည်းပစ်တယ်။ နောက်ကလည်း လှမ်းထုပေးနေတယ်။”

ရှေ့တန်း တက်တိုက်နေသူတွေဟာ ဒီကေဘီအေ ၅၅ ကဖြစ်ပြီး နအဖက တပ်ရင်းအတိအကျမသိရဘူးလို့ သူကပြောပါတယ်။ တိုက်ပွဲအခြေအနေနဲ့ ပတ်သက်ပြီး နအဖနဲ့ ဒီကေဘီအေဘက်က အားသာနေတယ်လို့ အဲဒီအရာခံဗိုလ်က ပြောပါတယ်။

“အင်အားချင်းမညီမျှလို့ နောက်ဆုတ်နေရတဲ့ အခြေအနေမှာ ပြနေတယ်။ ရင်ဆိုင်နေရတုန်းပဲ။ ညအခြေအနေ ဘယ်လိုလာမလဲ မသိသေးဘူး။ ထိခိုက်ဒဏ်ရာတော့ အကုန်မသိသေးဘူး။ ရှေ့တန်းအဖွဲ့မှာ လောလောဆယ် လေးငါးယောက်လောက်ပဲရှိသေးတယ်။ ကျန်တဲ့အဖွဲ့ကတော့ ဘယ်လောက်ရှိသေးလဲ စက်ခေါ်လို့မရသေးဘူး။”

ဒီကေဘီအေဘက်က အကျအဆုံး အတိအကျသိဖို့ကြိုးစားဆက်သွယ်ပေမယ့် ဆက်သွယ်လို့ မရပါဘူး။ မုအေးပူစခန်းကို တိုက်ခိုက်ချိန် စခန်းနဲ့နီးတဲ့ ကလိုးမနီထကျေးရွာက ရွာသူရွာသားပေါင်း ၅၀ လောက် ဒီနေ့မနက် ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးနေရတယ်လို့ သူကပဲ ပြောပြပါတယ်။

“အဲ့ဒီ ကလိုးမနီထရွာကနေပြီးတော့ မနီးမဝေး ထိုင်းဘက်က မယ်သဝေါ်ရွာတို့၊ တောင်ပေါ် မယ်နီးခီးတို့၊ ဘောနော်ကလိုးတို့ရွာတွေဘက်ကို ထွက်ပြေးပုန်းရှောင်နေရတယ်၊ ကလေးတွေပိုများမယ်၊ ကျောင်းတွေလည်း ပိတ်ထားတာကိုး။ ဒီနယ်စပ်မှာ နေတဲ့ ကရင်တိုင်းရင်းသားတွေ ခုလိုတိုက်ပွဲတွေဖြစ်တော့ အပြင်ကို ထွက်ပြေးပုန်းရှောင်နေရတဲ့အချိန်မှာ ထိုင်းဘက်က နားလည်ပေးရင် ပိုကောင်းတာပေ့ါ။”

ကလိုးမနီထ ကျေးရွာဟာ ထိုင်းနယ်စပ်နဲ့ နာရီဝက်ကျော်လမ်းလျှောက်ရတယ်လို့ပြောပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ဒီကေဘီအေ ဘက်က သိမ်းပိုက်ခဲ့တဲ့ ကေအန်အယ်အေ တပ်ရင်း ၂၁ စခန်းမှာလည်း ရင်ဆိုင်တိုက်ပွဲ ဖြစ်နေပါတယ်။ နေ့ခင်းနှစ်နာရီလောက်က တိုက်ပွဲအတွင်းမှာရှိတဲ့ ကေအန်အယ်အေတပ်သားတယောက်ကို ဆက်သွယ်မေးမြန်းရာမှာတော့ တိုက်ပွဲတွင်း မအားမလပ်ဖြစ်နေတဲ့အတွက် ပြန်လည်ဖြေဆိုနိုင်ခြင်း မရှိပါဘူး။ ဒီလဆန်းကတည်းက စတင်ခဲ့တဲ့ တိုက်ပွဲတွေကြောင့် ဒေသတွင်း ပြည်သူ ၄ ထောင် ကျော် ထိုင်းနိုင်ငံထဲကို ထွက်ပြေးခိုလှုံနေရတယ်လို့ အဲဒီစစ်ပြေးဒုက္ခသည်တွေကို ကူညီနေတဲ့ ထိုင်း–မြန်မာနယ်စပ်အကူညီပေးရေးအဖွဲ့ တီဘီဘီစီရဲ့ အင်တာနက်ဝက်ဆိုက်မှာ ဖော်ပြထားပါတယ်။

အဲဒီစစ်ပြေးဒုက္ခသည် လေးထောင်ကျော်ထဲက တပ်ခရိုင် ထာ့စောင့်ရန်းမြို့နယ် ဖို့ဟဲယာယီစခန်းမှာရောက်ရှိနေတဲ့ လှိုင်းဘွဲ့မြို့နယ်အတွင်းကနေ ထွက်ပြေးလာတဲ့ ကျောင်းသူတယောက်က ကျောင်းမတက်ရလို့ အရမ်းဝမ်းနည်းမိကြောင်း ရင်ဖွင့်ပါတယ်။

“ထမင်းစားရတာ ၁ ရက်ကို ၂ ခါပဲ စားရတယ်။ ညဘက်ဆို ထမင်းဆာရင် ထမင်းနဲ့ဆားနဲ့ စားရတယ်။ ကျောင်းလည်း ကောင်းကောင်းမနေရဘူး။ စာ ၃ ရက်ပဲ သင်ရသေးတယ်။ ပြီးတော့ ထွက်ပြေးရတာပဲ။ သူတို့ ပေါ်တာတွေလည်းဖမ်းတယ်။ ဟိုမှာလည်း ကျောင်းကောင်းကောင်း မနေရဘူး။ ရွာသူရွာသားတွေအနိုင်ကျင့်တယ်။” ထွက်ပြေးလာသူတွေထဲမှာ အသက်ကြီးသူတွေ၊ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေ အများဆုံးဖြစ်ကြောင်း သိရပါတယ်။

# နအဖ ထိုးစစ်ကြောင့် ထိုင်းကိုထွက်ပြေးလာတဲ့ စစ်ပြေးဒုက္ခသည်များအခြေအနေ

**DVB। ဇွန် ၁၃॥ ॥** နအဖနဲ့ ဒီကေဘီအေတပ်တွေက ထိုင်း–မြန်မာနယ်စပ်က ကေအန်ယူ အခြေစိုက်စခန်းတွေကို ဒီလဆန်းကတည်းက ထိုးစစ်ဆင်နေတာကြောင့် အပြစ်မဲ့ရွာသားတွေ ထိုင်းဘက်ကမ်းကို နေ့စဉ်ဆိုသလို ထွက်ပြေး တိမ်းရှောင်နေကြပါတယ်။

တိုက်ပွဲတွေ ၂ ပတ်နီးပါး နေ့စဉ်ဖြစ်ပွားနေတာကြောင့် ထိုင်းဘက်ကမ်းကို ထွက်ပြေးလာတဲ့ဒုက္ခသည် ၄ ထောင်လောက် ရှိနေပြီလို့ သိရပါတယ်။ ဒုက္ခသည်တွေအတွက် ထိုင်းနယ်စပ်၊ တပ်ခ်ခရိုင်ထဲမှာ ယာယီဒုက္ခသည်စခန်း ၄ ခု ဖွင့်လှစ်ပေးထားတယ်လို့ သိရပါတယ်။ ထိုင်းအခြေစိုက် ကရင်သတင်းစဉ်ရဲ့ အယ်ဒီတာ နန်းဖောကေက ဒုက္ခသည်တွေရဲ့ အခြေအနေကို ပြောပါတယ်။

“တိုက်ပွဲကြောင့် ထွက်ပြေးသွားတဲ့ ရွာသားတွေကို ဒီထိုင်းဘက်ခြမ်းမှာ နေရာ ၄ နေရာ ချထားပေးတယ်။ တပ်ခ်ခရိုင် ထဆောင်းရန်မြို့နယ်ထဲမှာ ယာယီအရေးပေါ် စခန်း ၄ ခု မှာ သူတို့ကိုခွဲပြီး ထားတယ်။ အခြေခံစားနပ် ရိက္ခာတွေကိုတော့ ဒုက္ခသည်ကော်မတီ၊ ထိုင်းမြန်မာနယ်စပ်မှာ ကူညီပေးနေတဲ့ တီဘီဘီစီတို့က ဆန်တွေ ဆားတွေ အကူအညီပေးနေတာတွေရှိတယ်။”

“ကျန်းမာရေးကျတော့ နယ်စပ်မှာရှိတဲ့ ထိုင်းကျန်းမာရေးဌာနပေ့ါ။ သက်ဆိုင်ရာမြို့နယ်ကျေးရွာကျန်းမာရေးဌာနကနေ သူတို့ကျန်းမာရေးကို ကြည့်ရှုပေးတာတွေရှိတယ်။ “သူတို့တွေက အဝတ်တထည် ကိုယ်တခုနဲ့ထွက်လာကြတယ်ဆိုတော့ ကရင်အဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေကနေ စုပြီးတော့ အဝတ်အစား အကူအညီပေးတာတွေရှိတယ်၊ ဒုက္ခသည် ရွာသားတွေထဲမှာ အမျိုးသမီးတွေနဲ့ ကလေးတွေက လူဦးရေပိုများတယ်။ တကယ့်ရက်သား ဒီနေ့ပဲမွေးပြီး ထွက်ပြေးလာရတဲ့လူတွေလည်း ရှိတယ်ဆိုတော့ ကရင်အမျိုးသမီးအစည်းအရုံးကလည်း ကလေးတွေရဲ့အနီးတွေကအစ ကူညီပေးတာမျိုးရှိတယ်။”

ဒုက္ခသည်တွေကို ထိုင်းနိုင်ငံအတွင်း ဖွင့်လှစ်ထားတဲ့ UNHCR လက်အောက်ခံဒုက္ခသည်စခန်းတွေဆီ ပြောင်းရွှေ့နေထိုင်ခွင့်ပြုမပြုကို မသိရသေးပေမယ့် ဒုက္ခသည်တွေရဲ့ ဆန္ဒကတော့ တိုက်ပွဲတွေပြီးဆုံးချိန်မှာ မိမိတို့ရဲ့ နေရင်းဒေသတွေကိုသာ ပြန်ချင်စိတ်ရှိတယ်လို့လည်း နန်းဖောကေက ပြောပါတယ်၊ တိုက်ပွဲဖြစ်ခဲ့တဲ့ကာလအတွင်း နအဖရဲ့ပစ်ခတ်မှုကြောင့် ထိုင်းဘက်ကို လက်နက်ကြီးကျခဲ့တာတွေရှိတာနဲ့ပတ်သက်ပြီးတော့လည်း နန်းဖောကေ က ပြောပါတယ်။

“အခုအထိ ကျမတို့ သိရသလောက် ထိုင်းက သူ့နယ်မြေထဲမှာ ဒီကေဘီအေ၊ နအဖဘက်က ပစ်လို့ကျလာတဲ့ လက်နက်ကြီးနဲ့ပတ်သက်လို့ တရားဝင်ပြောဆိုတာတော့ မသိရသေးဘူး။ ဒါပေမယ့် ဒီတိုက်ပွဲအတွင်းမှာ ဇွန်လဆန်းကစပြီး ဒီနေ့အထိ ထိုင်းနယ်မြေထဲကျတာ ၁၀ လုံး ဝန်းကျင်လောက် ရှိပြီ။”

ထိုင်းအစိုးရဘက်က ယာယီဒုက္ခသည်စခန်း ၄ နေရာနဲ့ တိုက်ပွဲတွေဖြစ်နေတဲ့ နယ်စပ်တလျှောက်မှာ စစ်အင်အားတိုးချထားပါတယ်။ ဒီနေ့မနက် ဖ နာရီခန့်က KNU တပ်ရင်း ၂၁ ကို ဒီကေဘီအေတပ်တွေက နောက်တကြိမ် စစ်ထိုးခဲ့ပြီးနောက် ဒီနေ့တနေ့လုံး တိုက်ပွဲထပ်မဖြစ်သေးကြောင်း သိရှိရပါတယ်။

# မြောက်ကိုရီးယားနဲ့နအဖ ဆက်ဆံရေးစာတမ်းပုံအထောက်အထားတွေနဲ့ဖော်ထုတ်

**RFA l ဂျွန် ၁၅။ ။** ပြီးခဲ့တဲ့ဂျွန်လ ၉ ရက်နေ့က အမေရိကန်ပြည်ထောင်စုမှာထုတ်တဲ့ Yale Global မဂ္ဂဇင်းမှာ မြောက်ကိုရီးယားက မြန်မာစစ်အစိုးရအတွက် မြေအောက်လိုဏ်တွေတူးပေးခဲ့တယ်ဆိုတဲ့အချက်ကို ဓာတ်ပုံအထောက်အထားတွေနဲ့ ဆောင်းပါးရှင် Mr.Bertil Lintner ကရေးသားထားပါတယ်။

ဒီဆောင်းပါးမှာ မြန်မာစစ်အစိုးရနဲ့ မြောက်ကိုရီးယားအစိုးရတို့ရဲ့ လျှို့ဝှက်ဆက်ဆံရေးနဲ့ စစ်လက်နက်ပစ္စည်းအရောင်းအဝယ်ကိစ္စတွေကို အသေးစိတ်ဖော်ပြထားပါတယ်။ မြောက်ကိုရီးယား နျူကလီးယားပြဿနာ နိုင်ငံတကာကအရေးထားလာတဲ့အချိန်နဲ့ကိုက်ပြီး မြန်မာနဲ့မြောက်ကိုရီးယား လျှို့ဝှက်ဆက်ဆံရေးအသေးစိတ်လေ့လာထားတဲ့ ဆောင်းပါးတပုဒ်ကို မြန်မာ့အရေးကျွမ်းကျင်သူတဦးဖြစ်တဲ့ ထိုင်းနိုင်ငံအခြေစိုက် သတင်းစာဆရာ Bertil Lintner က Tunnels, Guns and Kimchi ခေါင်းစဉ်နဲ့ မကြာခင်ကရေးသားခဲ့ပါတယ်။

ဒီဆောင်းပါးမှာ ၂၀၀၃ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အတွင်းရိုက်ခဲ့တဲ့ မြောက်ကိုရီးယားပညာရှင်တွေ မြေအောက်လိုဏ်တွေ ပျဉ်းမနားနေပြည်တော်မှာဆောက်လုပ်နေတဲ့ဓာတ်ပုံတွေအပါအဝင် မြောက်ကိုရီးယားနဲ့မြန်မာ လက်နက်အရောင်းအဝယ်ကိစ္စရပ်တွေကို အသေးစိတ်စုံစမ်းတင်ပြထားပါတယ်။ ဒီအကြောင်းတွေနဲ့ဆက်စပ်ပြီး Mr.Lintner ကို RFA ကဆက်သွယ်မေးမြန်းခဲ့ပါတယ်။ ဒီလိုမေးမြန်းရာမှာ Mr.Lintner က မြေအောက်လိုဏ်အားလုံးဟာ စစ်အစိုးရရဲ့ပုံးခိုကျင်း မဟာဗျူဟာချည်းသက်သက်မဟုတ်ပါဘူးလို့ ဖြေပါတယ်။

စစ်အစိုးရက အစိုးရရုံးစိုက်ရာမြို့ကို ရန်ကုန်ကနေ နေပြည်တော်ကိုပြောင်းတဲ့အခါ နေပြည်တော်တပိုက်တောင်တွေမှာ မြေအောက်လိုဏ်တွေအများအပြားဖောက်တာတွေ့ရပါတယ်။ အဲဒီက တချို့ကတော့ စစ်ရေး၊ နိုင်ငံရေးနဲ့မဆိုင်လှဘဲ ရေအားလျှပ်စစ်လို စီမံကိန်းတွေအတွက်ဆောက်တာတွေပါလို့ဖြေသွားပါတယ်။ ဒါပေမယ့် တချို့မြေအောက်လိုဏ်တွေက ပိုပြီးသံသယရှိစရာကောင်းတာတွေရှိပါတယ်။ ဒီလိုဏ်တွေဟာ အစိုးရရုံးအဖွဲ့တချို့ကို မြေအောက်မှာထားဘို့ရည်ရွယ်တာတွေ့ရပါတယ်။

မြန်မာစစ်အစိုးရ ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ ပြည်တွင်းသုံး အင်ထရာနက်တွေမှာပါ ဒီလိုဏ်တွေရဲ့နေရာတွေကို မကြာခဏဖော်ပြတတ်ပါတယ်။ သူ့အဆက်အသွယ်တွေအရ ဒီလိုဏ်တွေဟာ မြေအောက်အစည်းအဝေးခန်းမတွေဖြစ်ပြီး ထိပ်တန်းခေါင်းဆောင်တွေကို ပြည်ပလေကြောင်းရန်ကဖြစ်ဖြစ်၊ ပြည်တွင်းမတည်ငြိမ်မှုရန်ကဖြစ်ဖြစ် ကာကွယ်ဘို့ရည်ရွယ်တယ်လို့ ယူဆကြပါတယ်လို့ Mr.Lintner ပြောပါတယ်။

ဒီမြေအောက်လိုဏ်တူးတဲ့ မဟာဗျူဟာကိစ္စတွေကို မြန်မာအစိုးရရဲ့အမိက မဟာမိတ်တွေဖြစ်တဲ့ တရုတ်နဲ့ရုရှားနိုင်ငံတွေက အကူအညီမယူဘဲ ဘာဖြစ်လို့ မြောက်ကိုရီးယားနိုင်ငံက ယူရသလဲ။ မြန်မာ့အရေး လေ့လာသူတဦးအနေနဲ့ ဘာလို့ မြန်မာစစ်အစိုးရက မြောက်ကိုရီးယားကို ဦးစားပေးဆက်ဆံသလဲ လေ့လာမိသလောက်ပြောပြပါလို့ RFA က မေးမြန်းတဲ့အခါမှာ Mr.Bertil Lintner က အခုလိုဖြေဆိုခဲ့ပါတယ်။

ဒီအချက်ကတော့ ပြောဘို့ခက်ပါတယ်။ ဒါပေမယ့် သေချာတာကတော့ လိုဏ်ဂူနဲ့မြေအောက်အဆောက်အဦဆိုင်ရာတွေမှာကူညီဘို့ မြောက်ကိုရီးယားက မြေအောက်လိုဏ်ဖောက်လုပ်ရေး ကျွမ်းကျင်သူပညာရှင်တွေဟာ ၂၀၀၆ ခုနှစ်၊ ဂျွန်လမှာ နေပြည်တော်ကိုရောက်လာတယ်ဆိုတဲ့အချက်ပါ။ ဒီနေရာမှာ ထောက်ပြချင်တာက မြောက်ကိုရီးယားတွေဟာ မြေအောက်လိုဏ်ဖောက်တဲ့နေရာမှာ အထူးကျွမ်းကျင်သူတွေဖြစ်ပါတယ်။

သူတို့နည်းပညာက အတော်လေးအဆင့်မြင့်ပြီး သူတို့နိုင်ငံမှာလည်း မြေအောက်လိုဏ်တွေအများကြီး ဆောက်ထားသူတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စတွေမှာ မြန်မာစစ်ခေါင်းဆောင်တွေက မြောက်ကိုရီးယားကို အားထားတဲ့သဘောရှိနိုင်ပါတယ်။ Mr.Lintner က ဆက်ပြီးပြောရာမှာ ပြီးခဲ့တဲ့ ၁၀ နှစ်တာကာလအတွင်း မြန်မာစစ်အစိုးရနဲ့ မြောက်ကိုရီးယားတို့ရဲ့ဆက်ဆံရေးဟာ တစတစ တိုးတက်လာခဲ့တယ်လို့ဆိုပါတယ်။ ဒီအထဲမှာ စစ်လက်နက်အရောင်းအဝယ်ကိစ္စတွေလည်း ပါဝင်တယ်လို့ဆိုပါတယ်။

မြောက်ကိုရီးယားတွေက မြန်မာစစ်တပ်အတွက် ဥပမာ လက်နက်ကြီးတွေနဲ့အမြောက်တွေရောင်းတာတွေ၊ ပခုံးထမ်းဒုံးကျည်တွေ၊ လက်နက်ငယ်တွေကိုပံ့ပိုးတာတွေလုပ်ခဲ့ပါတယ်။ ဒါ့အပြင်လည်း တခြားဆက်ဆံရေးတွေရှိပါတယ်။ အမျိုးအမည်မသိတဲ့ မြောက်ကိုရီးယားကသင်္ဘောတွေ မြန်မာပြည်ကိုရောက်လာတာတွေရှိခဲ့သလို မြောက်ကိုရီးယားအစိုးရ သတင်းအေဂျင်စီအင်တာနက်မှာ မြန်မာစစ်အစိုးရအရာရှိကြီးတွေ မြောက်ကိုရီးယားကို ချစ်ကြည်ရေးအလည်အပတ်လာတဲ့ သတင်းတွေ မကြာခဏဖော်ပြတာတွေ ရှိပါတယ်။

ဒီချစ်ကြည်ရေးခရီးတွေက အကြောင်းမရှိဘဲ မြန်မာပြည်ကိုလာတယ်ဆိုရင် ချစ်ကြည်ရေးသက်သက်တော့မဟုတ်ပါဘူး။ နောက်ကွယ်က လုပ်ငန်းတွေရှိပါတယ်။ ဒါပေမယ့် ဘယ်လိုကိစ္စတွေ လုပ်ငန်းတွေဆိုတဲ့ သဘောသဘာဝကတော့ နားလည်ရခက်တဲ့ကိစ္စတွေဖြစ်ပါတယ်လို့ Mr.Lintner ကပြောသွားတာပါ။ ပြီးခဲ့တဲ့အပတ်က အမေရိကန်အထက်လွှတ်တော် ကြားနာပွဲတခုမှာ မြန်မာနဲ့မြောက်ကိုရီးယားဆက်ဆံရေးနဲ့ပတ်သက်လို့ မေးခွန်းထုတ်တာတွေရှိပါတယ်။

သင်္ဘောတွေကိစ္စ၊ မြန်မာနိုင်ငံက နျူကလီးယားကိစ္စတွေမှာ မြောက်ကိုရီးယားပါဝင်ပတ်သက်မှု ရှိ မရှိကိစ္စတွေပါ။ မြန်မာ့အရေးနှစ်ပေါင်းများစွာ လေ့လာရေးသားနေသူတဦးအနေနဲ့ မြောက်ကိုရီးယား–မြန်မာဆက်ဆံရေးနဲ့ပတ်သက်လို့ ဘယ်လိုသုံးသပ်မိပါသလဲဆိုတဲ့မေးခွန်းကို Mr.Lintner က အခုလိုဖြေပါတယ်။ ဒီအချက်က ဘောင်ဝင်တဲ့မေးခွန်းတခုဖြစ်ပါတယ်။ မြန်မာနိုင်ငံကို မြောက်ကိုရီးယားသင်္ဘောတွေလာတယ်ဆိုတဲ့အချက်က အကြီးစားစက်မှုပစ္စည်းတွေ လာပို့တယ်ဆိုတာ ပြောလို့ရနိုင်ပါတယ်။

မြန်မာနျူကလီးယားဖော်ထုတ်ရေးကိစ္စမှာ မြောက်ကိုရီးယားပတ်သက်မလားဆိုတာကတော့ ယူဆချက်တရပ်ပါ။ ဒါပေမယ့် အများကြီးဖြစ်နိုင်ပါတယ်။ ဘာလို့လည်းဆိုတော့ ရုရှားကမြန်မာနိုင်ငံကို နျူကလီးယားနည်းပညာလွှဲပေးဘို့ တွန့်ဆုတ်နေတဲ့သဘောမှာရှိလို့ပါ။ တရုတ်ကလည်း ရုရှားလိုဘဲတွန့်ဆုတ်နေပါတယ်။ မြောက်ကိုရီးယား–မြန်မာ ဆက်ဆံရေးဟာ တခြားကဏ္ဍတွေမှာလည်း အများကြီးရှိပါသေးတယ်။

အဲဒါတွေကတော့ မြန်မာ့အရေးလေ့လာသူ ထိုင်းအခြေစိုက် သတင်းစာဆရာ Mr.Bertil Lintner ဖြေကြားသွားတာပါ။

---

# ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး ကမ္ဘာ့နိုင်ငံရေးအကျဉ်းသားဟောင်းတွေတောင်းဆို

**VOA l ဂျွန် ၁၅။ ။** အင်းစိန်ထောင်တွင်းတရားရုံးမှာ အမှုရင်ဆိုင်နေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ သောကြာနေ့မှာအသက် ၆၄ နှစ်ပြည့်တော့မှာမို့ လွှတ်ပေးဘို့တောင်းဆိုတာတွေ ပိုများလာတာတဲ့ အထဲမှာ ထင်ရှားတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀၀ ကျော်တို့ကလည်း ဒီကနေ့ကြေညာချက်တရပ် ထုတ်ပြန်လိုက်ပါတယ်။

တောင်ကိုရီးယားသမတဟောင်း ကင်ဒေးဂျုံက ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ထိန်းသိန်းထားတာ အာရှတိုက်အတွက် ရှက်ဘွယ်လို့ဆိုလိုက်ပြီး မလေးရှားအတိုက်အခံခေါင်းဆောင် အဲန်နဝါအီဗရာဟင်က အာဆီယံအနေနဲ့ ဒေသရဲ့တည်ငြိမ်ရေးအတွက်လုပ်ဘို့ အချိန်တန်လာပြီလို့ပြောပါတယ်၊ အီရန်နိုင်ငံက နိုဘဲလ်ဆုရှင် လူ့အခွင့်အရေးရှေ့နေ ရှီရင်းအက်ဘာဒီကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ထိန်းသိမ်းထားတဲ့အတွက် ပြစ်တင်ဝေဖန်လိုက်ပါတယ်။

ဒေါ်အောင်ဆန်စုကြည်ကိုလွှတ်ပေးဘို့ တောင်းဆိုကြတဲ့အထဲ ဗြိတိသျှဝန်ကြီးချုပ် ဂေါ်ဒန်ဘရောင်း၊ အမေရိကန်နိုင်ငံက ရုပ်ရှင်မင်းသမီး ဂျူလီယာရောဘတ် တရုတ်ပြည်မှာနေအိမ်အကျယ်ချုပ်ချခံနေရဆဲဖြစ်တဲ့ လှုပ်ရှားသူများသည်ထက် ပိုပြီးများလာပါတယ်။

# လူတုပ်ကွေးရောဂါ မြန်မာနိုင်ငံတွင် မရှိသေးဟု နအဖဝန်ကြီးဌာနက ပြော

**DVB၊ ဇွန် ၁၅။ ။** ကူးစက်ဖြစ်ပွားနေတဲ့ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကူးစက်သူ မြန်မာပြည်တွင်းမှာ ကူးစက်မှုမရှိသေးဘဲ သံသယဖြစ်ဖွယ် ရောဂါဝေဒနာခံစားနေသူ မတွေ့ရသေးဘူးလို့ သိရပါတယ်။

ဒီရောဂါနဲ့ပတ်သက်ပြီး မြန်မာပြည်မှာ သံသယရှိလောက်တဲ့ ရောဂါဝေဒနာခံစားနေသူ မတွေ့ရသေးဘူးလို့ ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါတိုက်ဖျက်ရေး ညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်ငြိမ်းက ပြောတာပါ။

"နိုင်ငံရဲ့ ဝင်ပေါက်ထွက်ပေါက် လေဆိပ်တို့၊ ဆိပ်ကမ်းတို့၊ နယ်စပ်ဒေသတွေမှာ ကျန်းမာရေးစစ်ဆေးပြီး ဒီလိုရောဂါရှိတဲ့လူတွေ မပါလာအောင် အခုအချိန်မှာ ထပ်ပြီးတော့ သတိပေးထားရတာပေါ့။ အခုထိတော့ ပြည်တွင်းမှာ သံသယလူနာတွေ တယောက်မှမရှိသေးဘူး"။

ဒေါက်တာစိုးလွင်ငြိမ်းဆက်ပြောတာကတော့...

"ကြိုပြင်ထားတာပေါ့။ တတ်နိုင်သလောက်တော့ မဝင်အောင်လုပ်မယ်။ ဝင်လာပြီး ကူးစက်လို့ လူနာနည်းသေးတယ်ဆိုရင်တော့ ကျနော်တို့ သတ်မှတ်ထားတဲ့ ဆေးရုံတွေမှာပဲကုမယ်။ တခြားဆေးရုံတွေ သွားတက်ရင် ရိုးရိုးလူနာတွေပါ ကူးကုန်မှာစိုးလို့။ "

လူနာများလာရင်လည်း ဆေးရုံတိုင်းက ဒါနဲ့ပတ်သက်ပြီး ကုသပေးနိုင်တဲ့အနေအထားအထိ ပြင်ဆင်ထားပြီးသားပေါ့။ ဆေးဝါးတွေ၊ လိုအပ်တဲ့ အကာအကွယ်ပစ္စည်းတွေ၊ ပိုးသတ်ဆေးတွေကို ကျနော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အဆင်သင့်ပြင်ထားပါတယ်။ အခုဖြစ်မှ လုပ်တာတော့ တခုမှမရှိဘူး။ အစကတည်းက ပြင်ဆင်ထားတာ။"

အခုအချိန်က တုပ်ကွေးရောဂါ ဖြစ်ပွားလေ့ရှိတဲ့ အချိန်ဖြစ်နေတာမို့ သာမန်တုပ်ကွေးဖြစ်တဲ့ လူနာတွေကို သေသေချာချာ ဂရုစိုက်ပြီး ကြည့်ပေးနေရတယ်လို့ ဆရာဝန်တဦးက ပြောပါတယ်။

"ကျနော်တို့ဆီမှာလည်း တုပ်ကွေးဖြစ်နေကြတာကိုး။ ဆေးရုံလာ တက်တဲ့လူတွေ ဒါမှမဟုတ် ဆေးခန်းလာတဲ့လူတွေကို အမြဲတမ်းသတိထားဖို့ သူတို့နှိုးဆော်ထားတယ်။ ဒီလူကကြာပြီ၊ အသက်ရှုကျပ်လာပြီဆိုရင် သူ့ကို ဇာစ်မြစ်လိုက်ရတာပေါ့။ နိုင်ငံရပ်ခြားကနေလည်းဖြစ်နိုင်တယ်။ ကျနော်တို့ဆီမှာလည်း ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာ ပြောမရဘူး။ အကုန်လုံး မေးရတာပေါ့။ ဘာအလုပ်လုပ်လဲ၊ ခရီးဝေး ဘယ်သွားဖူးလဲ၊ နယ်စပ်သွားဖူးသလား အကုန်လုံးမေးပြီးတော့မှ ကျနော်တို့လည်း မှတ်ချက်ယူနေရတယ်။"

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံမှာတော့ ဒီနေ့ထုတ်ပြန်တဲ့ စာရင်းတွေအရ AH1N1 ရောဂါကူစက်ခံရသူ ၂၀၁ ဦးရှိနေပြီဖြစ်ပြီး ကမ္ဘာ့နိုင်ငံ ၇၄ နိုင်ငံမှာ လူသုံးသောင်းကျော် ကူးစက်ခံစားနေပြီး သေဆုံးသူ ၁၄၅ ဦး ရှိနေပြီလို့ သိရပါတယ်။ ဒီရောဂါဖြစ်ပွားပျံ့နှံ့မှုဟာ နောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်တာမို့ ကမ္ဘာ့ကပ်ဘေးအသွင် ရောက်နေပြီလို့လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ထုတ်ပြန်ကြေညာထားပါတယ်။

# အီးယူကြေညာချက်ကို နအဖ ပယ်ချ

**DVB၊ ဇွန် ၁၄။ ။** ကရင်တိုင်းရင်းသားတွေအပေါ် ထိုးစစ်ဆင်နေမှု ရပ်ဆိုင်းပေးဖို့ အီးယူ ဥရောပသမဂ္ဂရဲ့ တောင်းဆိုချက်ဟာ လွဲမှားနေတဲ့အတွက် လုံးဝလက်မခံနိုင်ဘူးလို့ နအဖနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြောင်း မြန်မာ့အလင်းသတင်းစာက ဖော်ပြလိုက်ပါတယ်။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့အပေါ် မြန်မာ့တပ်မတော်နဲ့ မဟာမိတ်တပ်တွေက ထိုးစစ်ဆင်တဲ့အတွက် ထောင်နဲ့ချီတဲ့ အရပ်သားဆိုသူတွေ ထိုင်းနယ်မြေထဲ ထွက်ပြေးလာရတယ်ဆိုတာဟာ သောင်းကျန်းသူတွေပေးတဲ့ သတင်းအပေါ် တဘက်သတ်အမှီပြုထားတာဖြစ်တယ်လို့ နအဖနိုင်ငံခြားရေးဌာနက ပြောပါတယ်။ တကယ်တော့ နအဖဟာ တိုင်းရင်းသားစည်းလုံးရေးအတွက် ၁၉၄၈ လွတ်လပ်ရေးရပြီးကတည်းက တလျှောက်လုံးကြိုးစားလာခဲ့ပြီး အခုဆိုရင် လက်နက်ကိုင်အဖွဲ့ ၁၈ ဖွဲ့ထဲက ၁၇ ဖွဲ့ ငြိမ်းချမ်းရေးယူခဲ့ပြီး KNU တဖွဲ့တည်း အမြင်မမှန် မရဘဲ ကျန်နေတာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါကြောင့် အခုဖြစ်နေတဲ့ တိုက်ပွဲဆိုတာ ကရင်တိုင်းရင်းသားတွေအပေါ် နအဖက ထိုးစစ်ဆင်တဲ့ တိုက်ပွဲမဟုတ်ဘဲ ငြိမ်းချမ်းရေးလုပ်ချင်တဲ့ ကရင်တပ်ဖွဲ့တချို့ကို KNU အမာခံတပ်ဖွဲ့က တားဆီးတဲ့အတွက် ကရင်အချင်းချင်းတိုက်ပွဲသာဖြစ်ကြောင်း၊ တိုက်ပွဲဖြစ်တဲ့ နေရာဟာလည်း အရပ်သားတွေမနေဘဲ KNU မိသားစုတွေသာနေတဲ့ နယ်စပ်က တောတောင်တွေသာဖြစ်ကြောင်း၊ နအဖ ထိုးစစ်ကြောင့် ကရင်အရပ်သားတွေ ထောင်နဲ့ချီ ထိုင်းနိုင်ငံဘက် ထွက်ပြေးတယ်ဆိုတဲ့သတင်းဟာ လုံးဝမှန်ကန်မှုမရှိတဲ့ တဘက်သတ် ဘက်လိုက်တဲ့သတင်းဖြစ်တဲ့အတွက် အီးယူကြေညာချက်ကို လုံးဝပယ်ချကြောင်း မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။

# ဦးအောင်ရွှေ ကျန်းမာရေး မကောင်း

**DVB၊ ဇွန် ၁၇။ ။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေ ကျန်းမာရေး မကောင်းလို့ မနေ့က ဆေးစစ်ခဲ့ရတယ်လို့ သိရပါတယ်။

အသက် ၉၂ နှစ်ရှိလာပြီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေဟာ မနေ့တုန်းက ကျန်းမာရေးစောင့်ရှောက်မှု ခံယူခဲ့ရတယ်လို့ ဆေးခန်းကို လိုက်ပါပို့ဆောင်ခဲ့သူ တဦးဖြစ်တဲ့ အဖွဲ့ချုပ်ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးစိုးဝင်းက ပြောပါတယ်။

"၉၂ နှစ် ကျော်သွားပြီးကိုး။ အသက်ကြီးလာတော့ နည်းနည်း အဲလိုတွေဖြစ်လာတာပေါ့။ တဖြည်းဖြည်းတော့ သက်သာအောင်လုပ်နေတယ်။ ဆေးရုံမတင်ဘူး။ ထုံးစံအတိုင်း ချက်ကပ်လုပ်ပြီး ပြန်ခေါ်လာတာပါပဲ။ ထရိုတ်ဒါးမှာ၊ အာရှတော်ဝင်မှာ လိုက်ပို့တာ တလကျော်ပြီ။"

ဦးစိုးဝင်းနဲ့အတူ ဒေါက်တာသန်းဝင်းနဲ့ ဦးသိန်းဇံတို့လည်း လိုက်ပါသွားပါတယ်။ ဦးအောင်ရွှေကို ကုသတဲ့ဆရာဝန်က သုံးလအနားယူဖို့ ညွှန်ကြားထားပေမယ့် အရေးကြီးတဲ့ နိုင်ငံရေးအခမ်းအနားတွေမှာ ဦးအောင်ရွှေ တက်ရောက်လေ့ရှိပါတယ်။ ၁၉၈၉ မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်တုန်းက ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တွေဟာ အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နားဝန်းကျင်တွေ ဖြစ်ကြပေမယ့် အခု အသက် ၉၀ ကျော်တန်းကို ရောက်နေကြပြီ ဖြစ်ပါတယ်။

အဖွဲ့ချုပ် စထောင်တုန်းက ၄၄ နှစ်သာ ရှိသေးတဲ့ ပါတီအထွေထွေ အတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ဟာ လာမယ့် ၁၉ ရက်နေ့မှာ ၆၄ နှစ် တင်းတင်းပြည့်တော့မှာဖြစ်ပါတယ်။ ပါတီအတွင်းရေးမှူးလည်းဖြစ်၊ ပါတီရဲ့ ပြောခွင့်ရပုဂ္ဂိုလ်လည်းဖြစ်တဲ့ ဦးလွင်ကတော့ ကျန်းမာရေးကြောင့် အနားယူနေတာ အတန်ကြာနေပြီဖြစ်သလို ပါတီဒုဥက္ကဋ္ဌ ဦးတင်ဦးက နေအိမ်အကျယ်ချုပ်ချခံထားရပါတယ်။ ဦးအောင်ရွှေ ကျန်းမာရေးကြောင့် ဥက္ကဋ္ဌတာဝန်က အနားယူရင်ဥက္ကဋ္ဌတာဝန်အသစ်အတွက် ပြင်ဆင်မှု ရှိမရှိဆိုတာနဲ့ ပတ်သက်ပြီးတော့ အဖွဲ့ ချုပ်ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဝင်းတင်က ပြောပါတယ်။

"ဦးအောင်ရွှေရဲ့ ကျန်းမာရေးက ဒီလောက် ဆိုးဆိုးဝါးဝါးကြီးမဟုတ်ပါဘူး။ မှတ်ဉာဏ်တို့၊ စဉ်းစားဉာဏ်တို့ ဆိုတာတွေလည်း ခါတိုင်းလိုပဲ မှန်မှန်ကန်ကန်ရှိနေပါတယ်လို့ ပြောချင်ပါတယ်။ အကြောင်းကြောင်းကြောင့် မလုပ်နိုင်မကိုင်နိုင်ဆိုတာ ဘယ်လိုမှမပြောနိုင်ဘူး။ အဖွဲ့ချုပ်အနေနဲ့က တဗိုလ်ကျတဗိုလ်တက်ပဲပြောပြော သူ့ဟာသူ ပုံမှန်နည်းမှန်နဲ့ ဆောင်ရွက်သွားမယ့် အစဉ်လာတွေကရှိပါတယ်။ မကြာခင်လွတ်လာမယ်လို့ မှန်းထားတဲ့ ဦးတင်ဦးလိုပုဂ္ဂိုလ်မျိုးတွေ၊ ခေါင်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ ဒီအချိန်မှာ ဒီလို အဖွဲ့အစည်းကြီးတခု လုပ်တဲ့နေရာမှာ တယောက်မှ မကျန်းမာရင် မကျန်းမာတဲ့အတိုင်း ကျနော်တို့ဆက်ပြီးတော့ သင့်တင့်လျှောက်ပတ်စွာ လုပ်သွားမှာပဲ။ ပုံမှန်နည်းမှန်လုပ်သွားမှာပဲ။"

# ဒေါ်စုလွတ်ရေး မေတ္တာပို့ ဆုတောင်းသူ ၂ ဦး ထောင်ဒဏ်အပြစ်ပေးခံရ

**DVB | ဇွန် ၁၇ ။ ။** ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းမှုနဲ့ အဖမ်းခံရတဲ့ တွံတေးမြို့နယ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးချစ်ဖေနဲ့ မြို့နယ်စည်းအဖွဲ့ဝင် ဦးအောင်စိုးဝေတို့ကို မနေ့က ထောင်ဒဏ် ၁ နှစ်ခွဲစီ ချလိုက်ပါတယ်။

သာသနာကိုညှိုးနွမ်းအောင်လုပ်ဆောင်မှု ပုဒ်မ ၂၉၅/ကနဲ့ မြို့နယ်တရားသူကြီး ဦးအေးကိုက စီရင်ချက်ချလိုက်တာလို့ အမှုလိုက်ရှေ့နေ ဦးကြင်တိုးက ပြောပါတယ်။ စီရင်ချက်ချတဲ့နေ့မှာ မိသားစုဝင်တွေ၊ အဖွဲ့ချုပ်ဝင်တွေနဲ့ ဒေသခံ ၅၀ လောက်ဟာ တွံတေးမြို့နယ် တရားရုံးရှေ့မှာ စောင့်နေခဲ့ကြတယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။ လာစောင့်နေသူတွေအထဲမှာ ဦးချစ်ဖေတို့ ဆုတောင်းပွဲလုပ်ခဲ့တဲ့ ဇီးဖြူကုန်းကျေးရွာက ဒေသခံတချို့ပါပြီး ထောင်ဒဏ်စီရင်ချက်ချတဲ့အပေါ် မကျေနပ်ဖြစ်နေကြတယ်လို့ သိရပါတယ်။ ဦးချစ်ဖေနဲ့ ဦးအောင်စိုးဝေတို့ကို မိသားစုနဲ့စကားပြောခွင့်မပေးဘဲ စီရင်ချက်ချပြီး အင်းစိန်ထောင်ကို ချက်ချင်းခေါ်သွားတယ်လို့ ဦးအောင်စိုးဝေရဲ့ ဇနီး မလွင်က ပြောပါတယ်။

“ပြန်ပို့မယ်ဆိုလို့ ကျမတို့မှာ စောင့်လိုက်ရတာ အများကြီးပဲ။ ကျမယောက်ျားကို အစခေါ်လာကတည်းက ရဲစခန်းကိုခေါ်သွားတယ်။ ခေါ်ပြီး ရုံးကိုထုတ်တယ်။ ရုံးမှာစစ်ပြီး ရဲစခန်းကိုပြန်ခေါ်တယ်။ ခေါ်ပြီး တိုက်ရိုက်ပို့လိုက်တယ်။ ကျမတို့စကားပြောခွင့်မရဘူး၊ ထမင်းထုပ်တောင် ပစ်ပေးလိုက်ရတယ်၊ ဟိုတလောကဆိုရင် ထမင်းထုပ်လက်ထဲမှာကိုင်နေရင်း ရဲတွေက ပုပ်ချလိုက်လို့ မစားခဲ့ရဘူး။”

ဒီအမှုကို လိုက်ပေးနေတဲ့ ရှေ့နေ ဦးကြင်တိုးကလည်း ဥပဒေက ပြဋ္ဌာန်းထားတဲ့ အတိုင်း သူ့အမှုသည်တွေနဲ့ အမှုကိစ္စ ညှိနှိုင်းတိုင်ပင်ခွင့် လုံးဝမရခဲ့ဘူးလို့ ပြောပါတယ်။

“တရားရုံးမှာလည်း ပြောတယ်၊ စခန်းမှူးကိုလည်း ပြောတယ်၊ စခန်းမှူးမြင့်ကျော်ဆိုရင် ကျနော် ရှေ့နေတယောက်အနေနဲ့ တရားခံတွေ တွေ့ခွင့်ပေးပါဆိုတာ တွေ့ခွင့်မပေးနိုင်ဘူးတဲ့။ ကျနော် ၂ ကြိမ်လောက်ပြောတယ် မရဘူး။ တရားရုံးထဲမှာလည်း ဥပဒေအရ ကျနော်တရားခံနဲ့ တွေ့ဆုံပိုင်ခွင့် ရှိပါတယ်ဆိုတာကို တရားသူကြီးက သူက တရားခွင်မှာပဲ တရားစစ်ဆေးဖို့ တာဝန်ရှိတယ်တဲ့၊ လုံခြုံရေးတာဝန်ရှိတဲ့လူတွေ သူနဲ့မဆိုင်ဘူး၊ သူတို့ကို ကျနော့်ဘာသာပြောလို့ အပြောခံရတယ်။ အမှုအစကနေ အဆုံးအထိ အမှုသည်တွေနဲ့ လွတ်လွတ်လပ်လပ်ဆွေးနွေးတိုင်ပင်ခွင့် လုံးဝမရှိခဲ့ပါဘူး။”

သူတို့ ၂ ဦးကို စွဲထားတဲ့ပုဒ်မနဲ့ ပြစ်မှုမရှိဘဲ နိုင်ငံရေးလှုပ်ရှားသူ အဖွဲ့ချုပ်ဝင်တွေဖြစ်လို့ တမင်ဖမ်းဆီးထောင်ချခံရတာဖြစ်တယ်လို့ ဦးကြင်တိုးက ပြောပါတယ်။ ဦးချစ်ဖေနဲ့ ဦးအောင်စိုးဝေတို့ကို ဧပြီလ ၂၀ ရက်နေ့က ဇီးဖြူကုန်းကျေးရွာ ဖက်တရာဘုရားမှာ ဒေသခံပြည်သူ ၅၀ ခန့်နဲ့အတူ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေး ဝတ်ပြုဆုတောင်းပွဲကအပြန်မှာ အာဏာပိုင်တွေက ဖမ်းဆီးသွားခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့သောကြာနေ့ညကလည်း ရန်ကုန်တိုင်းအတွင်းက အဖွဲ့ချုပ်လူငယ်တွေဖြစ်တဲ့ ကိုအောင်အောင်ဦး၊ ကိုဘိုထွန်းနဲ့ ကိုကျော်မျိုးနိုင်တို့ကို ဖမ်းဆီးခဲ့ပါတယ်။ အာဏာပိုင်တွေက အဖွဲ့ချုပ်ဝင်တွေကို ဖမ်းဆီးထောင်ချတာတွေ ဆက်လုပ်နေတဲ့အပေါ် အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။

“အဖွဲ့ချုပ်အနေနဲ့ နှစ်ပေါင်းများစွာ ဒီလိုပုံစံမျိုး ဖိနှိပ်ခံနေရတယ်။ အခုရွေးကောက်ပွဲလည်းလုပ်မယ်၊ အားလုံးလည်း အဆင်ပြေအောင်လုပ်မယ်လို့ ပြောနေတဲ့ အချိန်မှာကိုမလျော့သွားဘူး။ အစဉ်အမြဲပဲ ဖိနှိပ်ခံရတယ်၊ အရိုက်ခံရတယ်၊ အရိုက်ခံရတဲ့လူက တရားခံဖြစ်တယ်၊ ဒါပေမယ့် ကျနော်တို့ စိတ်ဓာတ်မကျဘူး။ လုပ်စရာရှိတာလုပ်မှာပဲ။ ငြိမ်းချမ်းတဲ့နည်းနဲ့ ဆောင်ရွက်နေတဲ့ နိုင်ငံရေးမူဝါဒကို လုံးဝပြောင်းလဲမှာ မဟုတ်ပါဘူး။ ကျနော်တို့ ဒီအတိုင်းပဲ ဆက်သွားမှာပါ”

# တောင်တွင်းကြီး ကာလဝမ်းရောဂါကြောင့် ၈ ဦးသေ၊ ၅၀ ကျော် ကူးစက်ခံနေရ

**DVB | ဇွန် ၁၇ ။ ။** မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်မှာ ကာလဝမ်းရောဂါဆက်လက် ကူးစက်ပြန့်ပွားနေပြီး အသေအပျောက်ပါတိုးလာပါတယ်။ ဆေးဝါးကုသဖို့ ငွေကြေးမတတ်နိုင်သူတွေ အသက်ဆုံးရှုံးနေကြတာကြောင့် ဒေသခံတွေအကြားမှာ စိုးရိမ်ပူပန်မှုတွေတိုးလာနေပါတယ်။

တောင်တွင်းကြီးမြို့နယ်မှာ ဒီလ ၈ ရက်နေ့က စတင်ဖြစ်ပွားတဲ့ ကာလဝမ်းရောဂါကြောင့် ကလေးငယ် ၅ ဦးနဲ့ လူကြီး ၃ ဦးထက်မနည်း သေဆုံးခဲ့ပြီဖြစ်ပါတယ်။ တောင်တွင်းကြီးတိုက်နယ်ဆေးရုံရဲ့ ကူးစက်ရောဂါကုသဆောင်နှစ်ဆောင်မှာလည်း ဒီရောဂါနဲ့ လူငါးဆယ်နီးပါး ကုသမှုခံယူနေကြရတယ်လို့ တောင်တွင်းကြီးမြို့ခံတွေက ပြောပါတယ်။ ဒီရောဂါဟာ တောင်တွင်းကြီးမြို့နားရှိ ရွှေအိုးရပ်ကွက် ၁၊ ၂ အပါအဝင် အနီးအနားက ညောင်မော်ရွာ၊ သဖန်းကုန်းရွာ၊ ရွာလေးကုန်းရွာစတဲ့ ကျေးရွာတွေအထိ ကူးစက်နေပြီလို့လည်း မြို့ခံတွေက ပြောပါတယ်။ ဆေးရုံရောက်ပေမယ့် ဆေးဖိုးမတတ်နိုင်လို့ ကလေးသေတာကို ဒီအတိုင်းထိုင်ကြည့်နေခဲ့ရတယ်လို့ ဒီရောဂါကြောင့် ရင်သွေးသေဆုံးခဲ့တဲ့ တောင်တွင်းကြီးမြို့ ခံတဦးက ပြောပါတယ်။

“ဆေးရုံရောက်ရင် ဂွမ်းတထုပ်ကအစ ဝယ်ရတယ်။ ကျနော်က စီးပွားရေးအဆင်မပြေတော့ ဆေးရုံတက်ရင် ပိုက်ဆံကုန်မှာကိုသိနေတော့ ကိုယ့်မှာ ကုန်စရာမရှိဘူး။ မရှိတာနဲ့ ဒီအတိုင်းပဲ ကြည့်လိုက်ရတဲ့သဘော ဖြစ်သွားတာပေါ့။ အများကြီးပြောချင်ပေမယ့် ကျနော်တို့လည်း နေရထိုင်ရတာ ကြောက်တယ်။”

အခုအချိန်က သရက်သီးပေါ်ချိန်၊ ထန်းသီးပေါ်ချိန် ဖြစ်တဲ့အပြင် ကလေးတွေဟာ အဲဒီ ယင်နားစာတွေစား၊ ရေစက်က ရေမပေးနိုင်တာကြောင့် နီးရာရေတွေ သောက်တာကြောင့် အခုလို ကာလဝမ်းရောဂါ ဖြစ်တယ်လို့ ထင်ကြောင်း အဲဒီ မြို့ခံကပဲ ပြောပါတယ်။

“အသားတန်းတွေမှာဆိုရင်လည်း ယင်ကောင်တွေ မတရား အုံတာ။ ဝက်သားတို့ အမဲသားတို့ ငါးတို့ပေါ့။ ယင်အုံတဲ့ အသားတွေကို လူတွေက မသိတော့ ဝယ်စားပေါ့။ အဲလိုတွေကနေ ကူးတာလို့ ကျနော်ထင်တာပဲ။”

ဒေသခံတွေကို ယင်လုံအိမ်သာအသုံးပြုရေး အပါအဝင် ကျန်းမာရေးဗဟုသုတပညာပေးတာတွေ အလွန်နည်းပါးတာကြောင့် အခုလိုဖြစ်ရတာလို့ ဒေသခံအချို့က သက်ဆိုင်ရာ စည်ပင်သာယာနဲ့ ကျန်းမာရေးအဖွဲ့အစည်းတွေကို ပြစ်တင်ပြောဆိုကြပါတယ်။ ကာလဝမ်းရောဂါ ဖြစ်ပွားနေတာနဲ့ပတ်သက်လို့ တောင်တွင်းကြီးတိုက်နယ်ဆေးရုံကို ဆက်သွယ်မေးမြန်းရာ ဒီနေ့မှာ ဖြေကြားခြင်းမရှိပါဘူး။ နေပြည်တော်မှာရှိတဲ့ ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါတိုက်ဖျက်ရေးဦးစီးဌာနကို ဆက်သွယ်မေးမြန်းကြည့်ရာ တာဝန်ကျ အရာရှိကြီးတဦးက ဖြေကြားပါတယ်။

“၈ ရက်နေ့က စပြီးတော့ ၁၂ ရက်နေ့ကတည်းက ကျနော်တို့သိပါတယ်။ အရေးပေါ် ဖြစ်နေတာဆိုတော့ ကျနော်တို့ ဒီအဖွဲ့တွေထပ်ပြီးတော့ စာရင်းယူပါတယ်။ သတင်းစာမှာလည်း ကြေညာထားတယ်။ ကာကွယ်ရေးလုပ်ငန်းတွေမှာ ဆင်းပြီးလုပ်နေပါတယ်။ ဒီနေ့လည်း တိုင်းအဖွဲ့တွေနဲ့ ကျနော်တို့ချိတ်ပြီး တိုင်းအဖွဲ့တွေ ဆင်းသွားပါတယ်။”

ဒေသခံတွေအနေနဲ့ ကာလဝမ်းရောဂါအန္တရာယ်မှ ကာကွယ်နိုင်ရေးကိုလည်း အဲဒီအရာရှိက ပြောပါတယ်။

“ကာကွယ်ရေးအနေနဲ့ ရေနဲ့ အစားသောက်ကနေ ကူးစက်တာ ဖြစ်တဲ့အတွက် သန့်ရှင်းတဲ့ အစားအစာ စားဖို့၊ ရေကိုကျိုချက်သောက်ဖို့၊ ဒါမှမဟုတ် ဆေးခတ်ပြီး သောက်ဖို့ပေါ့။ တချို့တွေက အဲဒါတွေမသိတော့ ကျိုချက်မသောက်တွေကြောင့် ဖြစ်နေတာပေါ့။”

# ကောက်ရိုးမီးတောက်ကို ကျော်လွန်၍ မီးကုန်ယမ်းကုန် အဆုံးသတ်တိုက်ပွဲဆီသို့

ခင်မမမျိုး

**ယခင်ပတ်အဆက်**

ယခုကျမတို့လူထုခေါင်းဆောင်အား စစ်အုပ်စုမှ မတရားအမှုဆင်ဖမ်းဆီးထောင်ချရန် ပြုလုပ်မှုတွင်လည်း နိုင်ငံတကာအဖွဲ့အစည်းပေါင်းစုံ၊ နိုင်ငံပေါင်းစုံမှ စတိတ်မဲန့်များစွာထွက်လာခဲ့ပြီးပြီဖြစ်သည်။ တကမ္ဘာလုံးက လှုပ်ရှားမှုများကလည်း အားတိုက်အင်တိုက်ပေါ်ထွက်လာခဲ့ပြီး တဦးတယောက်၊ တဖွဲ့တည်း၏ကြိုးပမ်းမှုမဟုတ်။ စုပေါင်းကြိုးစားမှု၏ရလာဒ်ဖြစ်သည်။ တခုဘဲရှိသည် ယခင်အဖြစ်အပျက်များတုန်းကဖြစ်ခဲ့သလို ကောက်ရိုးမီးတောက်နဲ့ မီးညွန့်မကျိုးရန်ဘာဆက်လုပ်ကြမည်နည်း။

## ဘာဆက်လုပ်ကြမလဲ

နိုင်ငံတကာရောက် မြန်မာများ၏ နိုင်ငံတကာကဲမ်ပိန်းကို အချိန်တိုအတွင်း ဝိုင်းဝန်းအကောင်အထည်ဖော်မှုရလာဒ်သည် အင်အားကြီးမားစွာထွက်ပေါ်လာခဲ့ပြီး စစ်အုပ်စုကို အများဆုံးအကာအကွယ်ပေးလေ့ရှိသည့် အာဆီယံကပင် ဖိအားပေးမှုများပေါ်ထွက်လာခဲ့ပြီး စီးပွားရေးပိတ်ဆို့မှုများ ရုတ်သွားမလိုလို၊ ဆက်ရှိတော့မလိုလိုအနေအထားမှ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု ဆက်လက်ထားရှိမှု ရလာဒ်ကြီးထွက်ပေါ်လာခဲ့ပြီ။

တနည်းဆိုလျှင် နိုင်ငံတကာစစ်မျက်နှာခံတပ်ကြီးကို အတိုက်အခံများဘက်မှ သိမ်းပိုက်လိုက်နိုင်သည့် အောင်ပွဲကြီးတခုပင်ဖြစ်သည်။ ထိုမျှနှင့်ကျေနပ်နေလို့မရ၊ ခံတပ်တခုသိမ်းပြီးလျှင် အစောင့်တပ်ထားပြီး စစ်ကြောင်းဆက်ထွက်ရသည်။ နယ်မြေရှင်းလင်းရေးလုပ်ရသည်။ နိုင်ငံတကာစစ်မျက်နှာသည် မြန်မာ့အရေးတွင် အမြောက်တပ်သဖွယ်သာရှိသည်။ စစ်အာဏာရှင်ခံတပ်ကို ဆက်လက်သိမ်းပိုက်ပြီး အဆုံးသတ်အောင်ပွဲခံနိုင်ဘို့အရေးကို ဆက်လုပ်ကြရမည်။ စစ်အာဏာရှင်စနစ်ပပျောက်ရေးကို ဆက်လုပ်ကြရမည်။ အောင်ပွဲ၏အဆုံးအဖြတ်သည် ပြည်တွင်းမှာသာရှိသည်။ ပြည်တွင်းစစ်မျက်နှာကို ဦးမလှည့်နိုင်မချင်း ကောက်ရိုးမီးတောက် အောင်ပွဲအဆင့်က ဆက်တက်မည်မဟုတ်။ ဒါက ပကတိအမှန်တရားဖြစ်သည်။

နိုင်ငံတကာကဲမ်ပိန်းကို ဦးဆောင်လုပ်နေသည့်အဖွဲ့များ၊ လူများနှင့်တပ်စောင့်ထားခဲ့ပြီး ပြည်တွင်းစစ်မျက်နှာကို ရှေ့ရှုရတော့မည်။ ပြည်တွင်းစစ်မျက်နှာအတွက်လိုအပ်သော ငွေအား၊ လူအား၊ အတွေးအခေါ်၊ နည်းပညာအားများကို ဆက်လက်ပံ့ပိုးကြဘို့ လုပ်ကြရတော့မည်။ နိုင်ငံတကာခံတပ်ကို ပြန်သိမ်းဘို့ကြိုးပမ်းမည့် အနီးကပ်ရန်သူများလက်မှလည်း ကာကွယ်ရဦးမည်။ ရန်၊ ငါ ပြတ်ဘို့လိုသည်။ နိုင်ငံရေးသမိုင်းတွင် အတူလျှောက်လှမ်းခဲ့သူများနှင့်ပတ်သက်သည့် သံယောဇဉ်နှောင်ကြိုးလေးတွေရှိကြသည်။

သို့ပေမယ့် နိုင်ငံရေးလမ်းဆုံတွင် သူ့လမ်း ကိုယ့်လမ်းလျှောက်ရပြီဆိုရင်တော့ သံယောဇဉ်ကိုစာဖွဲ့နေလို့မရ။ နှောင်ကြိုးမပြတ်ရင် သူ့လမ်းကြောင်းမှာလိုက်သွားရုံသာရှိသည်။ ကိုယ့်လမ်းကြောင်းနဲ့ကိုယ်လျှောက်ပြီးမှ သံယောဇဉ်လေးတွယ်နေလို့ မရ။ ဆုံးဖြတ်ချက်ကို ရန်သူကိုသွားဆုံးဖြတ်ခိုင်းသည့် political engagement လမ်းကြောင်းရှိသည်။ မိမိတို့ဘာသာ ဆုံးဖြတ်အကောင်အထည်ဖော်ရမည့် initial democratization လမ်းကြောင်းရှိသည်။ ပြည်တွင်းမြေပေါ်က အခြေအနေအရ နိုင်ငံရေးကစားပြီး လမ်းကြောင်းမပြတ်တာအကြောင်းမဟုတ်။ ပြည်ပနှင့်မြေအောက်ကတော့ လမ်းကြောင်းပြတ်ရမည်။ သူ့လမ်းမှန်ရင်လည်း မှန်မည်။ ဒါကို မှန်သည် မှားသည် ငြင်းခုန်နေဘို့မဟုတ်၊ ကိုယ့်လမ်းကြောင်းနှင့်ကိုယ် မှန်မှန်ကန်ကန် မစွေမစောင်း လျှောက်ကြဘို့ကတော့လိုအပ်သည်။

အခု နအဖ ဘက်က ဆက်တက်လာနိုင်မည့်ခြေလှမ်း ဘာဖြစ်လာနိုင်သနည်း။ ဝိုင်းဝန်းတွေးတောကြဘို့လိုပြီ၊ ပကတိအခြေအနေတွင် လူထုခေါင်းဆောင်ကို ထိန်းသိမ်းထားသည့် အမှုသွားအမှုလာ အခြေအနေများအရ......

၁။ အမှုစစ်ဆေးကာလသည် အနည်းဆုံးနှစ်ပတ်မှ အများဆုံး ရှစ်ပတ်ခန့်ကြာနိုင်သည်။ (နိုင်ငံတကာတောင်းဆိုမှုကြောင့်ဆိုပြီး အမှုပြန်ရုတ်သိမ်းရန် ဖြစ်နိုင်ချေနည်းသည်။)

၂။ ထိုရှစ်ပတ်ကာလတွင် ရွေးကောက်ပွဲမှတ်ပုံတင် လုပ်ချင်လုပ်လာနိုင်သည်။ အဲန်အဲယ်လ်ဒီကို ရွေးကောက်ပွဲမှတ်ပုံတင်ရန် တွန်းအားပေးလာနိုင်သည်။ လူထုခေါင်းဆောင်ကို ရုံးတင်အမှုစွဲဆိုထားသဖြင့် ရွေးကောက်ပွဲဥပဒေအရ နိုင်ငံရေးပါတီများတွင် ပါဝင်ခွင့်မရှိဟု ဆိုလာနိုင်သည်။

၃။ ငြိမ်းအဖွဲ့များကိုတွန်းအားပေးရန် ငြိမ်းမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များကို စစ်ဆင်ရေးများ အကြီးအကျယ်ဆင်နွဲ၍ ချောက်လုံးပေးနိုင်သည်။

၄။ နာဂစ်တုန်းကကဲ့သို့ နိုင်ငံတကာဖိအားကြားတွင် ဆန္ဒခံယူပွဲလုပ်သလိုမျိုး ယခုအချိန်တွင်လည်း လူထုခေါင်းဆောင်ကို ထောင်သွင်းအကျဉ်းချထားပြီး နိုင်ငံတကာဖိအားများကြားမှပင် ၂၀၁၀ ရွေးကောက်ပွဲကို ဆက်တွန်းသွားနိုင်သည်။

ဒီလိုအခြေအနေမျိုးကို မည်သို့တုန့်ပြန်မည်နည်း။ ဖြစ်လာမှတုန့်ပြန်သည်ထက် မဖြစ်ခင်မှာ မည်သို့ရပ်မည်နည်း။ ဒီလိုအခြေအနေမျိုးဖြစ်ချင်လည်းဖြစ်မည်၊ ဖြစ်ချင်မှလည်း ဖြစ်မည်။ တယောက်တည်းစဉ်းစားမှုတွင် ဤသို့ထွက်လာသည်။ သောင်းနှင့်ချီသော ဦးနှောက်များ၏ စုပေါင်းတွေးတောမှုတွင်တော့ ဖြစ်နိုင်ချေနှင့်အနီးဆုံးသောအဖြေများ ဆက်ထွက်လာနိုင်သည်။ မြန်မာ့နိုင်ငံရေးအဖွဲ့အစည်းအဘိဓာန် ထုတ်ရတော့နိုင်လောက်သည့် က မှ အ အထိ နိုင်ငံရေးအဖွဲ့အစည်းများအားလုံး တခါလာလည်း ယူအဲန်၊ တခါလာလည်း အမေရိကန်၊ တခါလာလည်း ဥရောပသမဂ္ဂ၊ တခါလာလည်း အာဆီယံလုပ်နေမယ့်အစား ဆက်လုပ်နိုင်သည့်အဖွဲ့အစည်းအနည်းငယ်ကိုသာ လွှဲပေးလိုက်ပြီး နအဖ ခြေလှမ်းအကဲဖြတ်ခြင်း၊ တုန့်ပြန်ရန်ဗျူဟာရေးဆွဲရေး၊ လူထုတိုက်ပွဲဖော်ဆောင်ရေး စသည်များကို ဦးစားပေးသင့်ကြပြီး နိုင်ငံတကာမှအဖွဲ့အစည်းများမှ သူလုပ်နိုင်သည့်ဘောင်အတွင်းမှာ လုပ်ပြီးသားမို့ က မှ အ အထိ အဖွဲ့အစည်းမျိုးစုံ၏ မဲပြာပုဆိုး တောင်းဆိုချက်များကို အချိန်ကုန်ခံထပ်စဉ်းစားမည်မဟုတ်။

သူတို့မှာလည်း သူတို့သက်ဆိုင်ရာအလုပ်များရှိသေးသည်။ အီရတ်လိုနိုင်ငံတကာက ဝင်ပေးပါလို့တောင်းဆိုဘို့ မည်သည့်နိုင်ငံတကာဥပဒေကို ကိုင်ဆွဲတောင်းဆိုမည်နည်း။ မတောင်းဆိုခင် အရင်လုပ်ထုံးလုပ်နည်းများကို လေ့လာသင့်ကြသည်။ ထိရောက်သောအရေးယူမှုလို့ သုံးသည်က လူကြားကောင်းသည်။ ဝေဖန်နေခြင်းမဟုတ်။ မလိုအပ်ဘဲအချိန်ဖြုန်းနေမှာစိုးလို့ဖြစ်သည်။ လုံခြုံရေးကောင်စီဟုဆိုရအောင် ဗီတိုအာဏာရှိသည့် တရုတ်နှင့်ရုရှားကို မည်မျှအထိစည်းရုံးပြီးကြပြီနည်း။ မစည်းရုံးရသေးဘဲ မဖြစ်နိုင်သည်များကို တောင်စဉ်ရေမရပြောကာ ယခင်အဖြစ်အပျက်များကဲ့သို့ ပြည်သူထုထုကို မှားယွင်းသောမျှော်လင့်ချက်များမပေးကြဘို့ တောင်းပန်လိုပါသည်။ တရုတ်နှင့်ရုရှား၏ နိုင်ငံရေးအတွေးအခေါ်က ဆန္ဒပြပွဲများကို လက်မခံသေးပါ။ ဒါကို သူတို့သံရုံးရှေ့ သွားအော်နေတာထက်၂စာရင် သူတို့ထဲမှာ တာဝန်ရှိသူများကိုချိန်းဆိုပြီး ဝင်ရောက်ပြောဆိုမှုကို သူတို့ဘက်က ပိုလိုက်လျောဘွယ်ရှိသည်။ သူတို့အခန်းကဏ္ဍကိုမြှင့်ပြီး တွန်းအားပေးသင့်သည်။

ယခုအာဆီယံပင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ စကားစလာပြီ။ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိဘဲ လူထုခေါင်းဆောင်အပါအဝင် နိုင်ငံရေးအကျဉ်းသားများမလွှတ်ဘဲပြုလုပ်သည့် ရွေးကောက်ပွဲသည် တရားဝင်မှုမရှိဆိုသော ထိုအချက်ကို တကမ္ဘာလုံးမှထုတ်ပြောလာရန် အရှိန်မြှင့်ကြရမည်။ ယခုအောင်ပွဲလောက်ကို ကျေနပ်မနေကြနှင့်၊ အချိန်မရွေး သွေးပြန်အေးသွားနိုင်သည်ကို သတိပြုရမည်။

**ဆက်လက်ဖော်ပြမည်**

# အဖွဲ့ချုပ် မန္တလေးတိုင်း ဘဏ္ဍာရေးမှူး အိမ်ကို လေးခွဖြင့် ပစ်ခတ်

**DVB। ဇွန် ၁၄॥ ॥** ပြီးခဲ့တဲ့ သောကြာ ၁၂ ရက်နေ့ ညသန်းခေါင်ကျော်က မန္တလေးတိုင်း NLD တိုင်းဘဏ္ဍာရေးမှူးဦးကိုကိုကြီးရဲ့နေအိမ်နဲ့ လက်ဖက်ရည်ဆိုင်ကို ဆိုင်ကယ်တစီးနဲ့ အမည်မသိလူနှစ်ဦး ရုတ်တရက်ရောက်လာပြီး လေးခွလောက်စာလုံး အမာစားတွေနဲ့ ပစ်ခတ်မှုဖြစ်ပွားခဲ့တယ်လို့ ဦးကိုကိုကြီးက ပြောပါတယ်။

ဦးကိုကိုကြီးနေအိမ်က ရန်ကုန်–မန္တလေး အဝေးပြေးလမ်းမနဲ့ ရတနာပုံမန္တလေးတက္ကသိုလ်လမ်း အရှေ့ထိပ်မှာ တည်ရှိတာပါ။ နေအိမ်နဲ့ တွဲဖွင့်ထားတဲ့ မော်ဒန်လက်ဖက်ရည်ဆိုင်ကို ပိတ်ပြီး မိသားစုနဲ့ ဆိုင်အလုပ်သမားတွေ အိပ်မောကျနေချိန် ည ၂ နာရီခန့်မှာ အခုလို ဖြစ်ပွားခဲ့တာပါ။ လေးခွနဲ့ ပစ်ခတ်လုပ်ကြံမှုဖြစ်ပွားခဲ့ပုံနဲ့ ဆိုင်ပစ္စည်းတချို့ပျက်စီးသွားတာကို ဦးကိုကိုကြီးက ပြောပါတယ်။

“နိုးလို့ ထလည်းထကြရော ထွက်ပြေးကြတာပေါ့။ လောက်စာလုံးနဲ့ ၁၇ ချက်လောက်ပစ်သွားတာ ဖန်ချောင်းတွေ ကွဲကုန်တယ်။ ဆိုင်ရဲ့မြင့်မိုရ်က ဘိလပ်မြေပြားတွေ ကပ်ထားတာဆိုတော့ အကုန်ပေါက်ထွက်ကုန်တာ။ လောက်စာလုံးတွေက မီးဖုတ်ပြီး အမာတွေ လုပ်ထားတာ။ အဲ့ဒီလောက်စာတွေက အစီအစဉ်ရှိရှိကို မီးဖုတ်ပြီး လုပ်ထားတဲ့ သဘောတော့ရှိတယ်။”

အဲ့လိုပစ်တော့ ရှေ့လာမယ့် အန္တရာယ်တွေကို ဘယ်လို ပြင်ဆင်ထားပါသလဲ…

“ရယက ကိုတော့ သတင်းပို့ထားတာပေါ့။ မနေ့က လာကြည့်တယ် ရယက ဥက္ကဋ္ဌတွေအတွင်းရေးမှူးတွေ လာကြည့်တယ်။ အမှုဖွင့်တိုင်တာတော့ မလုပ်တော့ပါဘူး။ အန်ကယ်တို့နဲ့တဘက်က ပုဂ္ဂိုလ်တွေက လက်ပါးစေတွေလုပ်တာဆိုတော့ သူတို့အဖွဲ့က အားကိုးရှိတယ်လေ။ ပြင်ဆင်ထားဖို့ဆိုတာက ကိုယ့်အိမ်ကို နောက်ထပ်မလာအောင်လို့ ဂရုတစိုက်ကြည့်စောင့်တာ လောက်ရှိတာပေါ့။ ကျန်တာ ဘာလုပ်လို့ရမှာလဲ”။

ဦးတို့မှာ ရန်ငြိုးရန်စရှိလို့ အဲ့လိုမျိုး အလုပ်ခံရတာလို့ ခံစားရလား။ ဘယ်လိုအကြောင်းကြောင့်လို့ ထင်လဲ…

“ဦးက အသက် ၆၀ ကျော်ပြီ။ ရန်ငြိုးရန်စဆိုတာ အချင်းချင်းမှာလည်း မရှိဘူး။ ပတ်ဝန်းကျင်မှာလည်းမရှိဘူး။ အာဏာပိုင်နဲ့ ပတ်သက်လို့လည်း အတူတူပဲ။ ဦးတို့ ဒီနေ့လုပ်နေကိုင်နေတာဆိုတာလည်း ဥပဒေနဲ့ လုံးဝငြိစွန်းတဲ့အလုပ်မျိုးကို လုံးဝမလုပ်ဘူး။ ဓာတ်ပုံကမ်ပိန်းနဲ့ပတ်သက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်လေးဖြစ်အောင်ကူညီပြီး ထင်ထင်ပေါ်ပေါ် လုပ်ကိုင်နေတာတော့ ရှိတာပေါ့၊ ဦးအမြင်ကတော့ အဲဒီအပေါ်မှာ မကျေနပ်တာပဲ ဖြစ်မယ်လို့ မြင်တာပဲ။”

ဦးကိုကိုကြီးဟာ မန္တလေးတိုင်း NLD တိုင်း ဘဏ္ဍာရေးမှူးအဖြစ် တိုင်းအဖွဲ့ချုပ်တာဝန်တွေ ထမ်းဆောင်နေသူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့မှာ ဦးကိုကိုကြီးအိမ်ကို အမည်မသိ လူ ၂ ဦးက လောက်စာလုံးနဲ့ ပစ်ခတ်မှုဖြစ်ပွားခဲ့သလို တရက်တည်းမှာပဲ ရန်ကုန်မြို့ ဗဟန်းနဲ့ တာမွေမြို့နယ်က လူငယ် ၃ ဦး ဖမ်းဆီးခံရပြီး တောင်ဒဂုံမြို့နယ် လူငယ် ကိုသီဟန်ရဲ့ အိမ်ကို အာဏာပိုင်တွေက ဝင်ရောက်ရှာဖွေမှုတွေ ရှိခဲ့တယ်လို့ သိရပါတယ်။

# ဒေါ်စုမွေးနေ့ ပြည်တွင်းတွင် ကျင်းပမည်

**DVB। ဇွန် ၁၇॥ ॥** ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြောက်ဆယ့်လေးနှစ်ပြည့်မွေးနေ့နဲ့ မြန်မာနိုင်ငံအမျိုးသမီးများနေ့အခမ်းအနားတချို့ကို ပြည်တွင်းမှာ ကျင်းပကြမယ်လို့ သိရပါတယ်။

လာမယ့် ဇွန်လ ၁၉ ရက်နေ့ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်လည်းဖြစ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်လည်းဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၄ နှစ်တင်းတင်းပြည့်မြောက်တဲ့ အခါသမယဖြစ်ပါတယ်။ အဲဒီနေ့ကျရင် ၉ ကြိမ်မြောက် မြန်မာနိုင်ငံအမျိုးသမီးများနေ့နဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၄ နှစ်ပြည့် မွေးနေ့ မိတ်ဆုံစားပွဲကို ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်မှာ မြန်မာနိုင်ငံအမျိုးသမီးတွေ စုပေါင်းကျင်းပမယ်လို့ သိရပါတယ်၊ ဒီအခမ်းအနားကို အင်္ဂါဝတ်ပြုအဖွဲ့ခေါင်းဆောင် နော်အုန်းလှအပါအဝင် မြန်မာနိုင်ငံအမျိုးသမီးတွေ ပူးပေါင်းကျင်းပမှာဖြစ်တယ်လို့ ပွဲကျင်းပရေး စီစဉ်သူတွေက ပြောပါတယ်။ ကျင်းပမယ့်နေရာကတော့ အမှတ် ၁၂၆၃ သိမ်ကျောင်းလမ်း၊ ၂၁ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်ဖြစ်ပြီး မနက် ၁၀ နာရီကနေ ၁၂ နာရီအထိ ဖြစ်ပါတယ်။ မန္တလေးတိုင်း အဖွဲ့ချုပ် မိတ္ထီလာမြို့နယ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေး နေအိမ်မှာလည်း ဒေါ်အောင်ဆန်းစုကြည် ၆၄ နှစ်ပြည့် မွေးနေ့ပွဲကျင်းပမယ်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည် ၆၄ နှစ်မြောက်မွေးနေ့မှာလည်းပဲ ကျမတို့ မိတ္ထီလာမြို့နယ် အနေနဲ့ ဘုန်းကြီးဆွမ်းကပ်၊ ပရိတ်တရားနာ၊ မေတ္တာပို့ဆုတောင်းမှုပြုလုပ်မယ်။ ဒီနေရာမှာ အဖွဲ့ချုပ် အဖွဲ့ဝင်မှမဟုတ်ဘူး။ မြို့မှာရှိတဲ့ ပြည်သူလူထုတရပ်လုံး ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့ကို တက်ရောက်လိုသူ တက်ရောက်ကြဖို့ ကျမဖိတ်ခေါ်တယ်။ တက်ရောက်လာတဲ့ ပြည်သူလူထုကို ကျမတို့က ကျွေးမွေးဧည့်ခံပြီး ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံတွေကို ပေးဝေသွားမှာပါ၊ ကျမတို့ ဒီကမ်ပိန်းရဲ့ တဆက်တည်းဖြစ်သွားတဲ့ကိစ္စပေါ့လေ၊ ဒေါ်အောင်ဆန်းစု ကြည်က အကျဉ်းကျနေပေမယ့်လည်း ဒေါ်အောင်ဆန်းစုကြည်မရှိတဲ့ မွေးနေ့ပွဲတွေကို ဗမာပြည်မှာရှိတဲ့ မြို့ပေါင်း နှစ်ဆယ်အစိတ် သုံးဆယ်လောက်မှာ လုပ်နိုင်ကြမယ်လို့ ကျမမျှော်လင့်ပါတယ်။”

# ကျောင်းသားများ ဆေးသုံးစွဲမှုများပြား

**DVB। ဇွန် ၁၇॥ ॥** မုံရွာမြို့ရှိ တက္ကသိုလ်ကျောင်းသားတွေအကြားမှာ မူးယစ်ဆေးဝါးသုံးစွဲမှုတွေ များပြားနေကြောင်း သိရပါတယ်။ မုံရွာမြို့မှာ အခုဖွင့်လှစ်ထားတဲ့ စီးပွားရေးတက္ကသိုလ်နဲ့ တက္ကသိုလ်ကျောင်းကြီးအတွင်းမှာ မူးယစ်ဆေးဝါးရောင်းချမှုတွေ သိသိသာသာရှိနေကြောင်း သိရပါတယ်။

ဒါ့ကြောင့် ကျောင်းသူ ကျောင်းသားအတော်များများမှာ မူးယစ်ဆေးဝါးသုံးစွဲမှုတွေ ပိုများလာတာလို့ဆိုပါတယ်။ ရောင်းချသူတွေကလည်း မြန်မာပြည်မြောက်ပိုင်းကနေ ကျောင်းလာတက်တဲ့ အဆောင်နေကျောင်းသားတွေဖြစ်တယ်လို့သိရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ပတ်သက်ပြီး မုံရွာစီးပွားရေးတက္ကသိုလ်မှာကျောင်းတက်နေတဲ့ ကျောင်းသားတဦးက ပြောပါတယ်။

“အများဆုံးသုံးတာက ဘိန်းမဲနဲ့ နံပါတ်ဖိုး။ ပထမပိုင်း သူတို့ ဒီအတိုင်းရှူရာကနေ နောက်ပိုင်းမှာ တော်တော်များများက အပ်တွေဘာတွေနဲ့သုံးတဲ့အဆင့်အထိ ဖြစ်နေပြီ။ ၁၀ ယောက်မှာ ၃ ယောက်လောက်က မိန်းကလေးတွေ။”

မူးယစ်ဆေးဝါးသုံးစွဲမှု နောက်ဆက်တွဲအနေနဲ့ မုံရွာမြို့မှာ အခုဆို မြို့တွင်းသူခိုးသောင်းကျန်းမှုတွေပေါ်များလာသလို ငွေလိမ်တောင်းမှုတွေ၊ စာရိတ္တပျက်ပြားမှုတွေ များပြားလာတယ်လို့ သိရပါတယ်။ ဖမ်းမိတဲ့သူအများစုက မူးယစ်ဆေးဝါးစွဲနေတဲ့ လူငယ်တွေဖြစ်တယ်လို့သိရပါတယ်။ ဒါပေမယ့် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ သုံးစွဲမှုတွေကိုတော့ သက်ဆိုင်ရာက အရေးယူတာမရှိဘူးလို့ အဲဒီစီးပွားရေးတက္ကသိုလ်ကျောင်းသားကပဲ ပြောပါတယ်။

“သက်ဆိုင်ရာက ဖမ်းတာ၊ ဆီးတာ ဘာမှမလုပ်ကြလို့၊ ကျနော့် အထင်ကတော့ ကျောင်းသားတွေ နိုင်ငံရေးဘက် စိတ်မပါအောင်လို့ ဒီနံပါတ်ဖိုးသုံးတာ၊ ဆေးချတာတွေ ဒီမုံရွာဘက်မှာ ဖမ်းဆီးတာတွေ ဘာမှ မကြားဘူး။ အဆောင်နေကျောင်းသားတွေဆို ပါလာတဲ့ဆိုင်ကယ်ရောင်း၊ နောက်ဆုံး ရှိတာ အကုန်ရောင်းပြီး ဆေးသုံးကြတော့တာ။”

မုံရွာမြို့က အထက်တန်းကျောင်းသားလောကမှာလည်း မူးယစ်စိတ်ကြွဆေးပြားသုံးစွဲမှု တဖြည်းဖြည်းများပြားလာတယ်လို့ သိရပါတယ်။ မူးယစ်ဆေးသုံးစွဲမှုတွေထဲက ဘိန်းဖြူထိုးတဲ့ အကျိုးဆက်အနေနဲ့ မုံရွာမြို့က လူငယ်ကျောင်းသားတွေအကြားမှာ HIV ရောဂါဖြစ်ပွားမှုနှုန်း တော်တော့်ကို မြင့်မားလွန်းပြီး လူငယ်တွေရဲ့ အသုဘကို လူကြီးတွေက လိုက်ပို့နေရတယ်လို့ ဆေးရုံအသိုက်အဝန်းကနေတဆင့် သိရှိရပါတယ်။

# HELP



# နာဂစ် မုန်တိုင်းသင့်ပြည်သူတွေကို ကူညီနေသူတွေ ဗီဇာသက်တမ်း ဆက်တိုမပေး

**RFA၊ ၂၅ ဇွန် ၁၈။ ။** ၂၀၀၈ ခုနှစ်၊ မေလမှာ တိုက်ခတ်သွားတဲ့ နာဂစ်မုန်တိုင်းကာလနောက်ပိုင်း မုန်တိုင်းသင့်ဒေသက ပြည်သူတွေအတွက် ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေးကိစ္စတွေကိုကူညီဖို့ မြန်မာနိုင်ငံမှာ စေတနာ့ဝန်ထမ်းအလုပ်တွေ လုပ်ကိုင်နေတဲ့ နိုင်ငံခြားသား NGO တွေကို မြန်မာစစ်အစိုးရက နေထိုင်ခွင့်ဗီဇာသက်တမ်း ဆက်တိုးမပေးတော့ဘူးလို့ စုံစမ်းသိရှိရပါတယ်။

NGO လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ နိုင်ငံခြားသားတချို့ နေထိုင်ခွင့်ဗီဇာသက်တမ်း အပိတ်ပင်ခံရတာနဲ့ပတ်သက်ပြီး NGO အဖွဲ့အစည်းတွေနဲ့နီးစပ်သူ ရန်ကုန်မြို့ခံတဦးက အခုလိုပြောပြပါတယ်။

“တချို့သူတို့ဘာသာ သူတို့ သီးသန့်ဝင်ပြီးတော့ local NGO နဲ့ချိတ်ပြီး လုပ်ထားတဲ့ဟာတွေကို မပေးတာ။ အဓိက ဝင်လာတာတော့ ပြင်သစ် NGO တွေများတယ်။ ရှေ့တုန်းက တိုးတိုးပေးတယ်။ ဒီနောက်ပိုင်းမှ ပြန်ဖြတ်သွားတာဗျ။ အခုဟာက ဘာပြဿနာရှိလို့လည်း မသိဘူး။”

“ကျန်းမာရေးဆိုက်ဘက်ရှိတယ်။ ပြန်လည်ထူထောင်ရေးရှိတယ်။ အိမ်တွေ ကျောင်းတွေဆောက်ပေးပေ့ါနော်။ အခုဟာက ပြန်လည်ထူထောင်ရေးလုပ်ပေးနေတဲ့ဟာတွေဘက်ကို သိပ်မပေးတာ။ အိမ်ပြန်ဆောက်ပေးနေတဲ့အဖွဲ့တို့ ဘာတို့။ ဒါပေမယ့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့နဲ့တွဲပြီးလုပ်တဲ့ အစ္စရေးလ် NGO တွေ ဆိုရင်ရတယ်။ FAO တို့ဘာတို့ကနေချိတ်လုပ်တဲ့ဟာတွေကျတော့ ရပြန်ရော။ နောက် မာလင်းတို့ဘာတို့အမေရိကန်တွေလည်းရှိတယ်။ အဲဒီကောင်တွေကတော့ ကျန်းမာရေးဝန်ကြီးဌာန ဘာညာနဲ့တွဲလုပ်တာဆိုတော့ ပြဿနာမရှိဘူး။”

NGO အဖွဲ့ထဲက နိုင်ငံခြားသားတွေ မြန်မာနိုင်ငံမှာဆက်လက်အလုပ်လုပ်နိုင်ဖို့ ဗီဇာဆက်တိုးပေးရေး မပေးရေးကိစ္စတွေကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ၁ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးလက်အောက်က အဖွဲ့တဖွဲ့က စဉ်းစားဆုံးဖြတ်နေတာဖြစ်ကြောင်း သိရပါတယ်။ အတည်မပြုနိုင်သေးတဲ့သတင်းတရပ်အရ NGO အဖွဲ့ထဲမှာ အလုပ်လုပ်နေတဲ့ နိုင်ငံခြားသားတွေကို ဗီဇာသက်တမ်းတိုးမပေးတာဟာ မြန်မာ့နိုင်ငံရေးကို အဆိုပါနိုင်ငံခြားသားတွေက ဝင်ရောက်စွက်ဖက်မှာကို စစ်အစိုးရကစိုးရိမ်နေတာကြောင့်ဘဲဖြစ်ကြောင်း သိရပါတယ်။

အခုလို နာဂစ်မုန်တိုင်းသင့် ဒေသခံပြည်သူတွေအတွက် နိုင်ငံခြားသား NGO တွေမရှိတော့ရင် ဒေသခံပြည်သူတွေ ဒုက္ခနဲ့ရင်ဆိုင်ရမှာဖြစ်တယ်လို့ စောစောကရန်ကုန်မြို့ခံကဘဲဆက်ပြောပြပါတယ်။

“ထိတာတော့ ထိခိုက်မှာဘဲ။ ဘာလို့လည်းဆိုတော့ တချို့နေရာတွေက ရှင်းရှင်းပြောရင် အခြေတကျမဖြစ်သေးတဲ့နေရာတွေ အများကြီးရှိသေးတယ်။ မိုးတွင်းကာလရောက်တဲ့အချိန်မှာ အမိုးအကာအောက်မရောက်သေးတဲ့နေရာတွေ၊ ဥပမာ စာသင်ကျောင်းတွေ လိုနေသေးတာတွေအများကြီးရှိသေးတာဘဲ။ နောက်တကျော့ပြန် ကျန်းမာရေးဆိုးလာမယ့်အနေအထားတွေရှိတယ်။ ဘာလို့လည်းဆိုတော့ မိုးမကျခင်က သောက်သုံးရေပြဿနာရှားပါးပြီးတော့ ရေမသန့်ရှင်းမှုကြောင့် ဝမ်းရောဂါတွေဘာတွေဖြစ်တာ။ အခု မိုးကျပြီးတဲ့အချိန်မှာလည်း သွေးလွန်တုတ်ကွေးလိုမျိုးနဲ့ အဲဒီဒေသဘက်မှာက ကျန်းမာရေးနဲ့ပတ်သက်လို့ ဆေးဘာညာမရှိဘူး။ အဲဒါတွေမှာနည်းနည်းပြဿနာဖြစ်နိုင်တယ်။”

နာဂစ်မုန်တိုင်းသင့် ဒေသခံပြည်သူတွေကို အကူအညီပေးနိုင်ဖို့ NGO တွေကို ပြည်ဝင်ခွင့်ဗီဇာပေးပါဆိုပြီး မြန်မာစစ်အစိုးရကို အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဆူရင်းပစ်ဆူဝမ်က ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း တိုက်တွန်းခဲ့ကြောင်း သိရပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


To

AIR MAIL

PRINTED MATTER